# ရပ်ရွာ ပူးပေါင်းမှု

International
Labour
Organization

# SCREAM

## ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး
လမ်းကြောင်းများမှတဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။



# SCREAM

**ကလေးအလုပ်သမားကို ရပ်ပစ်**

## ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှ တဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။

# ရပ်ရွာ ပူးပေါင်းမှု

ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၇
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရရှိဘဲ ကောက်နုတ်ဖော်ပြမှုများအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။
ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူကူးယူ ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

---

IPEC
ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) - ပညာရေး ပစ္စည်းများ/ အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (IPEC) - မြန်မာ - ILO , ၂၀၁၇

ISBN: 9782-831294-2-92- (Print), 9789-831295-2-92- (Web PDF)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ILO အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်

အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။ Supporting children’s rights through education, the arts, and media (SCREAM): Education Pack (ISBN 9784-113240-2-92-), Geneva, 2002; အခြားသော ဘာသာစကား ၂၀ ဖြင့်လည်း ကြည့်ရှုနိုင်သည်။ http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm.

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိုး

## မှတ်စု

ဤစာစောင်သည် ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM)- ပညာရေး ပစ္စည်းများဖြစ်သည်။ IPEC မှ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လှုပ်ရှားမှုတိုးမြှင့်ရန် အလို့ငှာ ဤထုတ်ဝေခြင်း၏ အပိုင်းအားလုံး သို့မဟုတ် ဘာသာပြန်ဆိုမှု သို့မဟုတ် ဆီလျော်အောင်ပြုပြင်ခြင်း၊ ထပ်မံထုတ်ဝေခြင်း၊ ပြန်လည်ပုံနှိပ်ခြင်းများပြုလုပ်ရန် တိုက်တွန်း ထားသည်။
ဤပညာရေး ပစ္စည်းကို အီတာလီ အစိုးရမှ ထောက်ပံ့ထားသည့် IPEC စီမံကိန်း INT/99/M06/ITA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။
မြန်မာဘာသာဖြင့်ထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှကျခံပါသည် (Project MMR/1310//USA)။
ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

---

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ် တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။
သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။
ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိနိုင်ပါသည်။
အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

www.ilo.org/ipec သို့ဝင်ရောက်ကြည့်ရှုပါ

PDF ဖြင့်သာ ကြည့်ရှုနိုင်သည်။

**ဦးတည်ချက်။** ပြင်ပရပ်ရွာများအား ကလေးအလုပ်သမားနှင့်ဆိုင်သောလုပ်ငန်းတွင် စိတ်ဝင်စားပြီးပါဝင်လာရေး စေ့ဆော်မှု ပြုရန်။





**အကျိုးအမြတ်။** ရပ်ရွာအများအပြားအနေဖြင့် ကလေးအလုပ်သမားအကြောင်း အသိတရားတိုးပွားလာမည်။ စီမံချက်နှင့်ကလေးအလုပ်သမားအရေး ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များတွင် အခြားအဖွဲ့များနေဖြင့်အာရုံစိုက်ပြီး စိတ်ဂင်စားစွာဖြင့်ပါဂင်လာစေရန်မည်လုပ်ရမည်ရှာဖွေသည်။ လူမှုအဖွဲ့အစည်းများ သက်ဝင်လှုပ်ရှားလာစေရေးနှင့် ပြောင်းလဲမှု အတွက်ကိုယ်စားလှယ်များအဖြစ်ဆောင်ရွက်သည့် လူရွယ်များ၏အခန်းကဏ္ဍကိုအားဖြည့်ပေးသည်။

## အချိန်။

စာသင်ချိန် ၂ -၃ ချိန်။ ဤလေ့ကျင့်ခန်းအတွက် အချိန်အတိအကျသတ်မှတ်ရန်ခက်ပါသည်။ ယင်းသည် သင်၏ အခြေအနေနှင့် အသိတရားတိုးပွားလာရေးလုပ်ငန်းတွင် သင်ဘာလုပ်မည်ကို ဆုံးဖြတ်သည့်အပေါ် မူတည်ပါသည်။ သင့်အနေဖြင့် "ကလေး အလုပ်သမားနေ့" ဆိုသည့် အထူးအစီအစဉ်တစ်ရပ်လုပ်ရန်ရွေးချယ်မိပေမည်။ သို့မဟုတ် အသိတရားတိုးပွားရေးလုပ်ငန်းတစ်ခုပြီးတစ်ခုကို ရက်သတ္တတစ်ပတ်ခန့် ဆောင်ရွက်ကောင်းဆောင်ရွက်မည်ဖြစ်သည်။ မှတ်သားရန်မှာ ဤလုပ်ငန်းရပ်များဆောင်ရွက်ရန် ကြိုတင်အစီအစဉ်ရေးဆွဲပြင်ဆင်ရပြီးလုံလောက်သော အချိန်ပေးရပါသည်။ လုပ်ငန်းများဆောင်ရွက်မှု အတွက်လည်း အချိန်ပေးရပါသည်။



### သုံးစွဲသူအတွက်မှတ်စု

ဤလုပ်ငန်းစုကို နောက်ဆုံးမှဆောင်ရွက်ရန် ထောက်ခံအကြံပြုပါသည်။ သင်နှင့်သင့်အုပ်စုရှေ့ပိုင်းတွင်ဆောင်ရွက်ခဲ့သောလုပ်ငန်းစုများကို အဆုံးသတ်ပေါင်းစည်းရမည်ဖြစ်သောကြောင့်ဖြစ်သည်။"SCREAM" အစီအစဉ်သည် ရပ်ရွာပူးပေါင်းမှုနှင့်အသိတရားတိုးပွားရေးပင်ဖြစ်သည်။ ဤအယူအဆသဘောတရားကိုလက်ကိုင်ပြုသူများကို ဤလုပ်ငန်းစုကပံ့ပိုးမှုပေးပါသည်။ လူမှုအဖွဲ့အစည်းသက်ဝင်လှုပ်ရှားလာစေရေး နှင့်ပြောင်းလဲမှုအတွက် ကိုယ်စားလှယ်များအဖြစ်ဆောင်ရွက်သည့် လူရွယ်များ၏အခန်းကဏ္ဍကိုလက်တွေ့တာဂန်ယူရန်အခွင့်အရေးပေးပါသည်။ ယင်းသည်၎င်းတို့အတွက်အားတက်စေပြီးစိတ်လှုပ်ရှားဖွယ်အတွေ့အကြုံများ ရရှိစေပါသည်။ ဤအခွင့်အရေးကို လက်မလွှတ်တမ်း ရယူသင့်ပါသည်။

# စေ့ဆော်မှု



ကမ္ဘာ့နှင့်အဝှမ်း ကလေးအလုပ်သမားပပျောက်ရေး ဆောင်ရွက်နေသည့်အစီအစဉ်တွင် လူငယ်များတက်ကြွစွာ ပါဝင် လာစေရန် 'SCREAM' လုပ်ငန်းစုများကို ရေးဆွဲပြုစုထားပါသည်။ မိမိတို့ကိုယ်တိုင်အသိတရားတိုးပွားလာရာမှ လူငယ် များသည် ၎င်းတို့၏သက်ရွယ်တူများ၊ မိသားစုများနှင့်ရပ်ရွာလူထုအား ထိုသတင်းအချက်အလက်များကို လက်ဆင့်ကမ်း ပေးနိုင်စွမ်းရှိလာမည်ဖြစ်သည်။ လုပ်ငန်းစုများကို ဆောင်ရွက်အကောင်အထည်ဖော်သည့်တလျောက်လုံးတွင် ကလေး အလုပ်သမားပပျောက်ရေးကို လူငယ်များအနေဖြင့်တိကျသော အခန်း ကဏ္ဍဖြင့်ပါဝင်ဆောင်ရွက်နိုင်သည်ဆိုသည်ကို ၎င်းတို့အား သိရှိသွားစေလိုပါသည်။ ထိုအခန်းကဏ္ဍ၏ အစိတ်အပိုင်းတစ်ခုသည် ၎င်းတို့၏ပတ်ဝန်းကျင်ရှိရပ်ရွာလူထု၏ အသဲနှလုံးနှင့်ဘဝကိုလှမ်းကိုင်ထိတွေ့ နိုင်သည့် ၎င်းတို့၏စွမ်းဆောင်ရည်ပင်ဖြစ်ပါသည်။ ကမ္ဘာ့နှင့်အဝှမ်းခေါင်းပုံဖြတ်ခံနေရသော ကလေးများကို အကူအညီပေးမည့် ၎င်းတို့၏လုပ်ငန်းများကို ဆက်လက်ပံ့ပိုးသွားရန်လည်း ဖြစ်ပါသည်။

'SCREAM'အစီအစဉ်တွင် ရပ်ရွာအဖွဲ့ဝင်များပူးပေါင်းမှုရှိလာရန် ဆောင်ရွက်နိုင်သည့် ဆန်းသစ်တီထွင်ထားသောနည်းအများအပြားရှိပါသည်။ အခြားလုပ်ငန်းစုများ အကောင်အထည်ဖေါ်ခဲ့စဉ် ယင်းနည်းများကို သင့်အနေဖြင့်ရှာဖွေတွေ့ရှိပြီး ဖြစ်ပါသည်။ ဥပမာ - ပြင်ပအထောက်အပံ့များအကြောင်း ကျွန်ုပ်တို့မကြာခဏ ပြောကြပါသည်။ မိဘများ၊ အခြားဆရာ၊  ဆရာမများနှင့် ပြင်ပမှပညာရှင်များ ပါဝင်လာရန်ဖြစ်ပါသည်။ ဒေသတွင်းမှ နိုင်ငံရေးသမားများ၊ ကုန်သွယ်မှုသမဂ္ဂများ၊ စီးပွားရေးခေါင်းဆောင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားပုဂ္ဂိုလ်များကို အုပ်စုများအားအကြောင်းအရာတစ်ခုအပေါ်လာရောက်ဟောပြောပေးရန် သို့မဟုတ် လုပ်ငန်းအမျိုးမျိုးကို ရှုမှတ်လေ့လာပြီး ပါဝင်ဆောင်ရွက်ရေးအတွက် ဖိတ်ရန်လည်းကျွန်ုပ်တို့အကြံပြုခဲ့ပါသည်။ လူထုဆက်သွယ်ရေးအမျိုးမျိုးဖြင့်လက်တွဲလုပ်ဆောင်ရန်နှင့် လူထုဆက်သွယ် ရေးလှုပ်ရှားမှုအတွက်ပြင်ဆင်ရန် ကျွန်ုပ်တို့ပြောဆိုကြပါသည်။ ရပ်ရွာပါဝင်လာရေးအတွက် ပြဇာတ်ကခြင်းလုပ်ငန်းသည် ထိရောက်မှုရှိပါသည်။ လူငယ်များအား ရပ်ရွာတွင်း၎င်းတို့၏အလုပ်များကို တင်ဆက်ပြသရန်လည်း တိုက်တွန်းရပါမည်။ ဤသို့ဖြင့်၎င်းတို့၏ သတင်းစကားများကို ရပ်ရွာလူထုအများအပြားထံ ပို့ဆောင်ပေးစေခဲ့ပါသည်။ ရပ်ရွာပူးပေါင်းမှု ဆက်လက်ဆောင်ရွက်ရန် အကြံပြုများကို "သုံးစွဲသူလက်စွဲ" တွင် အသေးစိပ်ဖေါ်ပြထားပါသည်။

ဤလုပ်ငန်းစုသည် သင်နှင့်သင့်အဖွဲ့အား အသိတရားတိုးပွားရေးလုပ်ငန်းရပ်တစ်ရပ် သို့မဟုတ် လုပ်ငန်းများတစ်ခုပြီး တစ်ခု ဆောင်ရွက်နိုင်စေရေး အကူအညီပေးရန်ဦးတည်ပါသည်။ နောက်ဆက်တွဲ(၁)တွင် ရပ်ရွာလူထုအသိတရားတိုးပွား ရေးရက်သတ္တတပတ် နှင့် ပတ်သက်သောဖြစ်ရပ်လေ့လာမှုတစ်ခုကို ဖေါ်ပြထားပါသည်။ ယင်းမှာ အိုင်ယာလန်သမ္မတ နိုင်ငံတွင် လုပ်ငန်းစုများကို ရှေ့ပြေးစမ်းသပ်စဉ်က ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

## ကြိုတင်ပြင်ဆင်ခြင်း။

ရပ်ရွာအတွင်း အသိတရားတိုးပွားရေးဆောင်ရွက်ရန် မတူညီသည့်နည်းလမ်းအများအပြားရှိပါသည်။ ၎င်းနည်းအတော်များများကို နောက်ဆက်တွဲ (၁)တွင် ပါရှိသည့်ဖြစ်ရပ်လေ့လာမှု အသေးစိပ်တွင်ကြည့်နိုင်ပါသည်။ လုပ်ငန်းများသည် တစ်ခုချင်းစီတည်ရှိနေသော အခြေအနေနှင့်ပတ်ဝန်းကျင်များပေါ် အခြေခံမည်ဖြစ်သည်။ ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ရရှိနိုင်သောအရင်းအမြစ်များ၊ စိတ်ရောကိုယ်ပါနှစ်မြှုပ်မှု၊ စေ့ဆော်မှုစသည့်အချက်အလက်များသည် သင် လုပ်ဆောင်မည်ဟုဆုံးဖြတ်ချက်များချမှတ်ရာတွင် အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်ပါသည်။ မည်သို့ဆိုစေဆုံးဖြတ်ချက်များချမှတ်ရာတွင် အုပ်စုတွင်းပါဝင်သော လူရွယ်များလည်း ပါဝင်ရန်မှာအဓိကကျသည့်အချက်ဖြစ်ပါသည်။



ပြင်ပအကူအညီ။

သင်နှင့်သင်အဖွဲ့က လုပ်ဆောင်မည်ဟုဆုံးဖြတ်ထားသော အချို့အလုပ်များကို ရပ်ရွာအတွင်းမှလူပုဂ္ဂိုလ်များ၏အကူအညီ ရလျှင်ပို၍ကောင်းအောင် လုပ်နိုင်ပါသည်။ ဉပမာ - ရပ်ရွာတွင်းရှိမူလတန်းကျောင်းများတွင် အနုပညာအလုပ်ရုံဆွေးနွေးပွဲ များပြုလုပ်လိုလျှင် သို့မဟုတ် စက္ကူနှင့်ကော် တို့ဖြင့်ပြုလုပ်သည့် ရုပ်ထုကြီးတစ်ခုပြုလုပ်လိုလျှင် သင့်အနေဖြင့်ရပ်ရွာတွင်းရှိ အနုပညာရှင်များ၊ သို့မဟုတ် အနုပညာဆရာ၊ဆရာမများ၏ အကူအညီလိုမည်ဖြစ်သည်။ အသိတရားတိုးမြှင့်ရေးလုပ်ငန်း တွင်ကျွမ်းကျင်မှုနှင့် အကူအညီများပေးနိုင်သူများကိုဆက်သွယ်ရန် အုပ်စုအားရပ်ရွာအတွင်းကွင်းဆင်းရန် အဆင်သင့်ပြင် ထားရန်တိုက်တွန်းရပါမည်။ ဒေသခံအနုပညာရှင်အနေဖြင့် ယခင်လုပ်ငန်းစုများ ဆောင်ရွက်ရာတွင်ပါဝင်ပြီး ဖြစ်နိုင်ပါ သည်။ ထိုသို့ဖြစ်လျှင် ထိုပုဂ္ဂိုလ်အားထပ်မံဆက်သွယ်ပြီးအကူအညီ ပေးနိုင်မှု ရှိ၊ မရှိ မေးရပါမည်။

ရပ်ရွာအတွင်းအသိတရားမြှင့်တင်ရေးတွင် ဂီတ၊ သီချင်းနှင့် အကများသည် အလွန်ထိရောက်သောနည်းများ ဖြစ်ပါသည်။ အနုပညာ ဆန်စွာဖေါ်ထုတ်နိုင်ခြင်းနှင့် စည်းစနစ်ရှိသောဂီတသည်လည်း အနုပညာစွမ်းအားရှိပြီး အသက်အရွယ်နှင့် လူမှု အဖွဲ့အစည်းအားလုံးကို ပျော်ရွှင်စေပြီး ဟန်ချက်ညီညီပေါင်းစပ်ပေးပါသည်။ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်၏ လှုပ်ရှားမှုများတွင်



ဂီတနှင့်သီချင်းကို အလွန်ထိရောက်စွာသုံးစွဲခဲ့သည်။ ဥပမာ - "ကလေးများကို လွတ်လပ်ခွင့်ပေးပါ" သီချင်းကို ပြင်သစ်နိုင်ငံ "College Gabriel Peri" မှ ကျောင်းသူကျောင်းသားများက သီဆိုခဲ့ခြင်း၊ အီတလီနိုင်ငံ "Suzuki Orchestra of Turin" က ကပွဲများ တင်ဆက်ခဲ့ခြင်းတို့ဖြစ်သည်။ ဤနည်းဖြင့် နေရာအနှံ့တွင် အဆုံးအဖြတ်ပေးနိုင်သူများ၏ အသဲနှလုံးကို လူရွယ်များက လှုပ်ကိုင်ဖမ်းစားခဲ့ပါသည်။

ဒေသတွင်းသမိုင်းပညာရှင်များနှင့် တတ်သိပညာရှင်များအား ရပ်ရွာအသိတရား တိုးပွားရေးအစီအစဉ်တွင် မည်သို့ပူးပေါင်း ပါဝင်လာရန်လုပ်ဆောင်သည့်ဥပမာကို နောက်ဆက်တွဲ(၁)တွင် ဖေါ်ပြထားပါသည်။ ထိုပုဂ္ဂိုလ်များသည် စားပွဲဝိုင်းဆွေးနွေး ခြင်းများ၊ လူထုဆက်သွယ်ရေးအဖွဲ့များဖြင့်ဆက်သွယ်မှုနှင့် ရပ်ရွာလူထုအား တင်ပြမှုများတွင်အထောက်အကူပေးနိုင် ပါသည်။ ဥပမာအားဖြင့် ထိုပုဂ္ဂိုလ်များအား  ကလေးအလုပ်သမားအကြောင်း မူလတန်းကလေးများ ရေးဆွဲထားသည့် ပန်းချီကားများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးရန် သင့်အဖွဲ့အနေဖြင့် ဖိတ်ခေါ်နိုင်ပါသည်။

ရပ်ရွာလူထုအတော်များများတွင် ကျွမ်းကျင်မှုများ၊ စိတ်ဝင်စားမှုများနှင့် တတ်ကျွမ်းမှုများ အမျိုးမျိုးရှိသည့်ပုဂ္ဂိုလ်များ ရှိပါသည်။ လူမှုရေးကိစ္စရပ်၊ ဖွံ့ဖြိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှုနှင့် ပတ်သက်သောအလုပ်များတွင် အကူအညီ ပေးရန်လူရွယ်များက ချဉ်းကပ်တောင်းခံခဲ့လျှင် အများစုကကူညီပေးကြမည်ဖြစ်သည်။ ဤအချက်သည် လူရွယ်များ၏ လူမှုရေးနှင့် ပြောဆိုဆက်ဆံရေး ကျွမ်းကျင်မှုကိုလည်း တိုးတက်စေနိုင်ပါသည်။

## လူထုဆက်သွယ်ရေး လှုရှားမှုဆောင်ရွက်ခြင်း

၎င်းတို့၏ အသိတရားမြှင်တင်ရေးလုပ်ငန်းအမျိုးမျိုး အကြောင်း လူထုဆက်သွယ်ရေးအားပြောပြရန် အရေးကြီးပုံကို အုပ်စုအားအလေးပေးပြောပြရမည်။ ၎င်းတို့လုပ်ခဲ့သည့် လူထုဆက်သွယ်ရေးလုပ်ငန်းစုမှ အလုပ်ကိုပြန်လည်ကိုးကား စေရမည်။ ယင်းသည်မည်သည့် အသိတရားတိုးမြှင့်ရေးကိုလုပ်ဆောင်ရာတွင်မဆို လူထုဆက်သွယ်ရေးအဖွဲ့ဖြင့် တွေ့ဆုံ ပြောကြားရန် ကြိုးပမ်းမှုတွင် အထောက်အကူဖြစ်စေပါသည်။



အတိအကျဆိုရလျှင် အုပ်စုအားလူထုဆက်သွယ်ရေးအဖွဲ့ဖြင့် မကြောက်မရွံ့အဆက်အသွယ်ပြုမှုပြုရန် တိုက်တွန်း အားပေးရန်ဖြစ်ပါသည်။ လုပ်ငန်းများဆောင်ရွက်မှုကို ရေဒီယိုမှကြော်ငြာရန်သို့မဟုတ်သတင်းစာအချို့တွင်ထည့်သွင်းရန် ငွေကြေးကုန်ကျမှုအနည်းငယ်ရှိနိုင်ပါသည်။ အုပ်စုအနေဖြင့်လမ်းကြောင်းအမှန်ဖြင့် ချဉ်းကပ်မှုပြုခဲ့လျှင် သတင်းစာ အယ်ဒီတာ၊ ဂျာနယ်ထုတ်ဝေသူ သို့မဟုတ် သတင်းကြေငြာသူများအား

စီမံချက်နှင့်လုပ်ငန်းအစီအစဉ်များအတွက် သတင်းနေရာရရန်နှင့် ထုတ်လွှင့်ချိန်ကို လျော့ဈေးဖြင့်ရရန် စည်းရုံးနိုင်မည်ဖြစ်ပါသည်။ သို့မဟုတ် အခမဲ့ ထည့်သွင်းခွင့် ရနိုင်ပါသည်။ ထိုသို့မေးမြန်းခြင်းသည် အရှုံးမရှိနိုင်ပါ။ ကလေးအလုပ်သမားပပျောက်ရေးကဲ့သို့ ကိစ္စရပ်မျိုးအတွက် လူထု ဆက်သွယ်ရေးအနေဖြင့် အလေးအနက်ထားလာနိုင်ပါသည်။ ဤသို့ပြုလုပ်ခြင်းသည် လူထုဆက်သွယ်ရေးဖြင့် ပိုမိုရင်းနှီးသောဆက်ဆံမှုရရှိစေနိုင်ပါသည်။ အုပ်စု၏စီမံချက်နှင့် လုပ်ငန်းမြှင့်တင်ရေးအတွက် အခွင့်အလမ်းကောင်းများရရှိစေနိုင် ပါသည်။

## လုပ်ငန်း ၁။ အသိတရားမြှင့်တင်ရေး စီစဉ်ဆောင်ရွက်မှုများ

*စိတ်ကူးများဉာဏ်ဖွင့်ဆွေးနွေးရန်နှင့် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ရန်အတွက် သင်ကြားချိန် ၁-၂ ချိန် နှင့် လုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်သမျှအချိန်*

အုပ်စုဖြင့်ဆွေးနွေးပွဲများစတင်ပါ။ ၎င်းတို့၏ စိတ်ကူးများမေးပါ။ စိတ်ကူးများ ကွန့်မြူးနိုင်ရန် ဉာဏ်ဖွင့်ဆွေးနွေးခြင်းများ ပြုလုပ်ပါ။ လူရွယ်များအနေဖြင့် အသိတရားမြှင့်တင်ရေးလုပ်ငန်းသို့မဟုတ်စီစဉ်ဆောင်ရွက်မှုနှင့် ပတ်သက်သော၎င်းတို့၏ စိတ်ရင်းမှန်အကြံပြုချက်များပေးကြမည်ကို ဤလုပ်ငန်းစဉ်တွင်တွေ့ရှိမည်ဖြစ်သည်။ ၎င်းတို့သည်လုပ်ရမည့်အလုပ် အတွက်စိုးရိမ်မနေဘဲ ရည်ရွယ်ချက်လည်းကြီးမားသည်ကိုတွေ့ရမည်။ စိတ်ကူးများစုစည်းရရှိသည့်အခါ စိတ်ကူးတစ်ခု ချင်းစီသည် အုပ်စုအတွက်ဖြစ်နိုင်မှု၊ ဦးစားပေးမှုနှင့် လက်ခံနိုင်မှုတို့ကို ဆွေးနွေးပါ။ စိတ်ကူးဖေါ်ထုတ်ရုံမျှမက ယင်းတို့ကို အပြည့်အဝပုံဖေါ်ပြီး လက်တွေ့ဆောင်ရွက်ရမည့် တာဝန်ရှိသည်ကိုလည်း ၎င်းတို့အနေဖြင့် သိရှိရမည်ဖြစ်သည်။

အောက်ပါတို့သည်အသိတရားတိုးမြှင့်ရေးလုပ်ငန်းနှင့် ပတ်သက်သောအကြံပြုချက်များဖြစ်ပါသည်။ စိတ်ကူးများပေါ်ထွက် လာရေးနှင့်လက်တွေ့စဉ်းစားအဖြေရှာမည့်ကိစ္စရပ်နှင့်အကောင်အထည်ဖေါ်ရေးတို့ကိုစဉ်းစားခြင်းတို့အတွက်နောက်ဆက် တွဲ(၁)သည် အသုံးဝင်မည်ဖြစ်ပါသည်။ ဤစာရင်းသည်များပြားလွန်းသည်မဟုတ်ပါ။ ဆွေးနွေးရန်နှင့်စိတ်ကူးသစ်များ သင့်အုပ်စုအတွင်းပေါ်ထွက်နိုင်ရန်အတွက်အကူအညီ ဖြစ်စေပါသည်။



- အသိတရားတိုးပွားရေးလုပ်ငန်းလုပ်နိုင်ရန် အထူးနေ့ရက်တစ်ရက်ကိုရွေးပါ။ ကမ္ဘာ့ကလေးအလုပ်သမားနေ့ (ဇွန် ၁၂ရက်) ကိုရွေးချယ်လျှင်ကောင်းပါသည်။ အခြားရက်များအနေဖြင့် လွှတ်တော်တွင်မဲပေးသည့်နေ့၊ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့ရွေးသည့်နေ့၊ ကုလသမဂ္ဂနေ့ရက်တစ်ရက်၊ အပြည်ပြည်ဆိုင်ရာ

အလုပ်သမားနေ့(မေ ၁)၊ လူ့အခွင့်အရေးများနေ့ သို့မဟုတ် အမေများနေ့ (မိခင်များမရှိသောကလေးများ သို့မဟုတ် မိခင်များဖြင့်အခွဲခံထားရသောကလေးများကို အောက်မေ့စေရန်အတွက်) စသည်တို့ကိုရွေးနိုင်ပါသည်။ အသိတရားမြှင့်တင်ရေး လုပ်ငန်းများကို ထိုလူထုလှုပ်ရှားမှုနေ့ရက်များဂန်းကျင်တွင် စီစဉ်ဆောင်ရွက်ခြင်းသည် ရပ်ရွာလူထုအပေါ် ပိုမို အကျိုးသက်ရောက် စေပါသည်။

- ဒေသတွင်းမှ မူလတန်းကျောင်းများဖြင့်ဆက်သွယ်ပြီး မူလတန်းကျောင်းသူကျောင်းသားများဖြင့် ကလေးအလုပ် သမားအလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပါ။ သင့်အဖွဲ့အတွင်းမှ လူရွယ်များကဆောင်ရွက်နိုင်ပါသည်။ သင်ကိုယ်တိုင်နှင့် အခြားဆရာဆရာမများ၊ မိဘများ သို့မဟုတ် ရပ်ရွာထဲမှ ပုဂ္ဂိုလ်များကပံ့ပိုးပေးနိုင်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသည် ကလေးအလုပ်သမားနှင့်ပတ်သက်သော သီချင်းများရေးခြင်း၊ ကဗျာများစပ်ဆိုခြင်းတို့ကို အဓိကထားနိုင် ပါသည်။ ထို့နောက်တဖွဲ့လုံးသည် ရပ်ကွက်အုပ်ချုပ်ရေးအဆောက်အဦးများရှေ့တွင်လည်းကောင်း၊ လူအများ အတွက်အထင်ကရဖြစ်သည့်နေရာများသို့ သွားရောက်၍သီချင်းဆိုခြင်း၊ ကဗျာရွတ်ခြင်းများပြုလုပ်ရပါမည်။ ထိုအခါရပ်ရွာလူထုအနေဖြင့် မြင်တွေ့ကြားသိကြမည်ဖြစ်ပါသည်။ အခြားနည်းလမ်းအနေဖြင့် မူလတန်းကျောင်း များတွင် အနုပညာအလုပ်ရုံဆွေးနွေးပွဲများကို အုပ်စုအနေဖြင့်တနေကုန်ပြုလုပ်နိုင်ပါသည်။ ကလေးအလုပ် သမားနှင့်ပတ်သက်သော ပန်းချီများ၊ ရုပ်ထုများ သို့မဟုတ်အနုပညာဖန်တီးမှုများကို ရပ်ရွာလူထုအတွက် ခင်းကျင်းပြသပြီး ကလေးအလုပ်သမားစီမံချက်သို့မဟုတ် ကလေးအလုပ်သမားပပျောက်ရေး နှင့် ခေါင်းပုံဖြတ်ခံနေရသောကလေးများအတွက် အကူအညီပေးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများအတွက် ရံပုံငွေရရန် ဈေးပြိုင်ရောင်းချနိုင်ပါသည်။
- ကလေးအလုပ်သမားကို ကိုယ်စားပြုသော ရုပ်ထု သို့မဟုတ် ပုံကြီးတစ်ခုကိုပြုလုပ်ပြီး ကျောင်း သို့မဟုတ် ရပ်ရွာတွင်း အများစုစည်းသည့်နေရာတွင် စိုက်ထူနိုင်ပါသည်။ ကလေးအလုပ်သမားနှင့်ပတ်သက်၍ ထိခိုက်ဆုံးရှုံး ရမှုနှင့် မကောင်းသောလက္ခဏာများဖြင့် ဖေါ်ပြထားသောအရာဖြစ်သင့်ပါသည်။ (သစ်တိုင်ရှည်ကြီးပေါ်တွင် သင်္ကေတများ၊ ရုပ်ပုံများကိုထွင်းပြီး အရောင်ခြယ်၍လည်းပြနိုင်သည်။) နောက်ဆုံးလုပ်ငန်းအနေဖြင့် ထိုရုပ်ထုကို မလိုလားသည့်သဘောဖြင့် လူရွယ်များကဖျက်စီးပြရပါမည်။ ဤသို့ဖျက်စီးပစ်သောပြကွက်သည် ကလေးအလုပ် သမားအရေးကို လူရွယ်များအမျက်ဒေါသထွက်နေသည်ကို ကိုယ်စားပြုပါသည်။ ဤလုပ်ရပ်ကိုဆက်လက် လုပ်ဆောင်နေသူများ၊ လျစ်လျူရှုဂရုမစိုက်သူများအပေါ် လည်း အမျက်ဒေါသထွက်သည်ကိုကိုယ်စား

ပြုပါသည်။ ရပ်ထုကိုအလွယ်တကူဖျက်စီးပစ်နိုင်သောပစ္စည်းမျိုး ဖြင့်ပြုလုပ်ရပါမည်။ ဥပမာ - စက္ကူနှင့် ကော်တို့ဖြင့်ပြုလုပ် ခြင်း၊ အုပ်စုအနေဖြင့် ကလေးအလုပ်သမားကိုရှုတ်ချနေစဉ် အခမ်းအ နားတခုဆောင်ရွက်နိုင်ပါသည်။ ပရိသတ် ထဲမှ လူရွယ်များနှင့် ကလေးများအားလုံးကို ရှေ့သို့ထွက်လာရန်ဖိတ်ခေါ်ရပါမည်။ ထို့နောက်ကလေးအလုပ် သမားကိုယ်စားပြုသည့်ရုပ်ထုကို ဖျက်စီးရာတွင်ပါဝင်ကူညီစေရပါမည်။ ထိုရုပ်ထုကိုမီးရှို့ပစ်ခြင်းလည်း ပြုနိုင် ပါသည်။ အဆုံးစွန်အမျက်ဒေါသထွက်မှုနှင့် ဖျက်စီးပစ်သည့် သဘောအဖြစ်ပြသရန်ဖြစ်သည်။ ထိခိုက်အန္တရာယ် မဖြစ်စေရေးအတွက် ဤလုပ်ငန်းကို အနီးကပ် ကြီးကြပ်ရန်လိုအပ်ပါသည်။



- ရပ်ရွာလူထုအတွင်းမှလူရွယ်များနှင့် ကလေးများဖြင့်အဆက် အသွယ်ပြုနိုင်သမျှဆက်သွယ်ပါ။ ၎င်းတို့ကို ကျောင်းများသို့မဟုတ် ရပ်ရွာလုပ်ငန်းများမှတဆင့် ဆက်သွယ်နိုင်သည်။ ၎င်းတို့အားလုံးလာရောက် စုစည်းနိုင် မည့်ရက်တရက်ကိုရွေးချယ်ပါ။ အများပြည်သူများစုစည်းတတ်သည့်နေရာတွင် လူတန်းရှည်ကြီးတခုတန်းစီ ရပ်ခိုင်းပါ။ ဥပမာ - ကျောင်း သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးရုံးကို ဝိုင်းပတ်တန်းစီရပ်စေခြင်း။ ထိုလူတန်းသည် ကလေးအလုပ်သမားများကို ကိုယ်စားပြုပါသည်။ အချို့လူရွယ်များကစာများရေးထားသော ဘုတ်ပြားကြီးများကို သယ်ဆောင်ကြပါမည်။ ဥပမာ - ကမ္ဘာအနှံ့ နိုင်ငံအမျိုးမျိုးတွင် ယခုအချိန်၌သိန်းတရာမျှသောကလေးများ အလုပ်လုပ်နေကြသည်။ အခြားဘုတ်ပြားပေါ်တွင် ကလေးသူငယ်နှင့်ပတ်သက်သောစာရင်း ဇယားများ ပါရှိနိုင် ပါသည်။ ထိုလူတန်းသည်ပတ်ချာလှည့်ပတ်ပြီး ကလေးအလုပ်သမားနှင့်ပတ်သက်သော ကြွေးကြော်မှုပြုလုပ် ပါမည်။၎င်းတို့ ဆန္ဒထုတ်ဖော် မှုကို ရပ်ရွာလူထု စိတ်ဝင်စားလာစေရန် ဖြစ်သည်။
- ရပ်ရွာအတွင်းမှ ဆိုင်များ၊ စီးပွားရေးလုပ်ငန်းများသို့ အဖွဲ့ကိုသွားရောက်ပါစေ။ ဝန်ထမ်းများအား ၎င်းတို့ရောင်းချ နေသော ပစ္စည်းများသည် ကလေးအလုပ်သမားများဖြင့် ပြုလုပ်ထားသည်ကို သိရှိခြင်းရှိမရှိမေးပါ။ ယင်းကို အချက်အလက်ကောက်ယူသည့် ပုံစံမျိုးဖြင့်ပြုလုပ်နိုင်သည်။ သို့မဟုတ် အလုပ်ဌာနကိုယ်စားလှယ်ကို ယင်းဌာန ၏ ပရဝဏ်အတွင်းတွေ့ဆုံနိုင်ပါသည်။ ရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းများ၊ အလုပ်ရှင်များ၊ အလုပ်သမား သမဂ္ဂများနှင့် ရပ်ရွာလူထုအနေဖြင့် ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်ကို ပိုမိုသိမြင်လာစေရန်ဖြစ်သည်။ ၎င်းတို့ ရောင်းဝယ်နေသောပစ္စည်းများကို မည်သို့ပြုလုပ်ထားသည်ကို ပိုမိုစဉ်းစားလာစေရန်ဖြစ်သည်။ ဤသို့ပြုလုပ်ရာ တွင် ရန်လိုမှုမရှိရပါ။ ယဉ်ကျေးပြီး

ထိပ်တိုက်တွေ့ဆုံမှုမရှိစေရပါ။ ၎င်းတို့အတွက်အရှက်ရစရာဖြစ်ကျန် မနေစေရပါ။




- "ကလေးအလုပ်သမားများအတွက်လုပ်ဆောင်မှု" ကဲ့သို့ ပို့(စ်)ကဒ်ကို စောင်ရေများများ ထုတ်နိုင်သမျှထုတ်ပါ။ ပို့(စ်)ကဒ်တွင် ကလေးအလုပ်သမားအရေး ဆွေးနွေးအဖြေရှာစရာကိစ္စနှင့် ၎င်းပပျောက်ရေးအတွက်လုပ်ဆောင် ရေး အာရုံစိုက်လာစေသည့် သတင်းအချက်အလက် ပါဝင်ရမည်။ ဒေသတွင်း နှင့်နိုင်ငံအဆင့် နိုင်ငံရေးသမားကို ရည်ရွယ်ပြုလုပ်သင့်ပါသည်။ အုပ်စုအနေဖြင့် ကျောင်းနှင့် ရပ်ရွာအတွင်းသွားရောက်ကာ လူများအားချဉ်းကပ်ပြီး ပို့(စ်)ကဒ်၏ ရည်ရွယ်ချက်ကို ရှင်းပြရပါမည်။၎င်းတို့၏လှုပ်ရှားမှုကို ကူညီသည့်အနေဖြင့်ပို့(စ်)ကဒ်တွင် လက်မှတ် ထိုးပြီးပို့ရန်ပြောရပါမည်။ ဆွဲဆောင်မှုရှိရန် ပို့(စ်)ကဒ်ကိုအရောင်တောက်တောက် ပြုလုပ်သင့်ပါသည်။ သို့မဟုတ် စိတ်ရွှင်မြူးစေသည့် အရောင်လွင်လွင်ဖြင့် ထုတ်နိုင်ပါသည်။ အလွန်ကြီးမားသော ပို့(စ်)ကဒ်ကို ပြုလုပ်ပြီး ရပ်ရွာလူထုအားလက်မှတ်ရေးထိုးကာ ဒေသတွင်းနိုင်ငံရေးသမားများထံ ပေးပို့ခြင်းလည်းပြုလုပ်နိုင်ပါသည်။ နောက်စိတ်ကူးတစ်ခုမှာ ပို့(စ်)ကဒ်ကြီးတစ်ခုပြုလုပ်ပြီး အပိုင်းမျိုးစုံဖြတ်ကာ ဒိုးစက်ပုံသဏ္ဍာန် ပို့(စ်)ကဒ် အဖြစ် ပြုလုပ်ကာ ပေးပို့နိုင်ပါသည်။ သတင်းအချက်အလက် အပြည့်အစုံသိရန် နိုင်ငံရေးသမားက ယင်းအပိုင်းများကို ပြန်ဆက်ရမည်ဖြစ်သည်။ ဤသို့ပြုလုပ်နိုင်သည့် နည်းလမ်းအမြောက်အများ ရှိပါသည်။
- ၎င်းတို့၏စီမံချက်အကြောင်း လက်ကမ်းစာစောင်တစ်ခုပြုလုပ်ပါ။ နေရာလွတ်ခပ်များများချန်ထားပါ။ ဒေသတွင်းရှိ မူလတန်းေကျာင်းသူ ကျောင်းသားများကို ထိုလက်ကမ်းများဝေပေးပါ။ နေရာလွတ်များတွင် အရောင်စုံစုံလင်လင် ဖြင့်သရုပ်ဖေါ်ထားသော ရုပ်ပုံများကို အလျင်အမြန်ဆွဲရန်ပြောပါ။ ယင်းဆွဲထားသောပုံများကို ပြန်စုစည်းပါ။ ထိုပုံများဖြင့် ၎င်းတို့နေရာတွင်ပင်ပြိုင်ပွဲလုပ်ခြင်း၊ ကလေး အလုပ်သမားအကြောင်းမှတ်ချက်ပေးရန် နိုင်ငံရေး သမားများထံထို ပုံများပေးပို့ခြင်း၊ ၎င်းတို့၏စီမံချက်အတွက် ရံပုံငွေရှာရန်ရပ်ရွာလူထု အားရောင်းချခြင်း သို့မဟုတ် ယင်းသို့ဆောင်ရွက်ခြင်းများအားလုံးကို ပေါင်းစပ်လုပ်ဆောင်ခြင်းများ ပြုနိုင်ပါသည်။
- အုပ်စုဆောင်ရွက်နိုင်သည့်လုပ်ငန်းများထဲတွင် ညနေပိုင်းအစီအစဉ်ကို ထည့်သွင်းဆောင်ရွက်ပါ။ ဥပမာ - ကလေး အလုပ်သမားနှင့်ပတ်သက်သော ဇာတ်လမ်းကိုရေးပြီး တင်ဆက်ကပြနိုင်ပါသည်။ ကလေးသူငယ်နှင့် ပတ်သက် သော ပန်းချီ၊ ရုပ်ထု သို့မဟုတ် အခြားအနုပညာလက်ရာများကို ခင်းကျင်းပြသနိုင်သည်။ ၎င်းတို့ကိုယ်တိုင်နှင့် အခြားသူများရေးထားသော

သီချင်းများသီဆိုနိုင်သည်။ ရပ်ရွာလူရွယ်များ ရုပ်ထုကိုဖျက်စီးနေပုံဗီဒီယို မှတ်တမ်း ကို ပြသနိုင်သည်။ တခြားအပြင်ကလေးအလုပ်သမားသို့မဟုတ် စီမံချက်နှင့်ပတ်သက်၍ အပြန်အလှန် တုန့်လှယ်မှုမျိုးကို အုပ်စုအနေနှင့် ပြုလုပ်နိုင်သည်။ ရပ်ရွာအတွင်းစိတ်ဝင်စားမှု တိုးပွားလာစေရန်အတွက် နာမည်ကျော်ပုဂ္ဂိုလ်များ၊ အနုပညာရှင်များ သို့မဟုတ် နိုင်ငံရေးသမား များကိုတက်ရောက်ရန်ဖိတ်ကြားနိုင်သည်။ တင်ပြခဲ့ပြီးသည့်အတိုင်း ကလေးအလုပ်သမားနှင့် ပတ်သက်သောအနုပညာလက်ရာများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းပြုလုပ်နိုင်ပါသည်။ ဒေသခံသို့မဟုတ် နိုင်ငံတော်မှ အနုပညာရှင်များအား ဈေးပြိုင်ခေါ်ဆိုသူများ အဖြစ ဆောင်ရွက် ပေးရန်ဖိတ်ကြားနိုင်ပါသည်။

- လူရွယ်ကွန်ယက်များဖွဲ့ပါ။ ကလေးသူငယ်အရေး ဆွေးနွေး အဖြေရှာရန်ကိစ္စရပ်များအတွက် ရပ်ရွာအတွင်း၊ ဒေသတွင်း၊ နိုင်ငံတစ်ဝှမ်းနှင့် နိုင်ငံတကာမှ အခြားကျောင်းများဖြင့် ချိတ်ဆက်ပါ။ ကျောင်းမျိုးစုံဖြစ်နိုင်ပါသည်။ အရွယ်အစား၊ ပုံစံ၊ လူငယ်အဖွဲ့များ၊အား ကစားအဖွဲ့များ၊ ရပ်ရွာအဖွဲ့များ၊ စသည်ဖြင့်အမျိုးမျိုးရှိနိုင်ပါ သည်။ ကလေးအလုပ်သမားအကူအညီပေးရေး လက်တွဲဆောင်ရွက်ရန် ၎င်းတို့ဖြင့်လူရွယ်များကွန်ဖြန့်ကျက်နိုင်ပါသည်။ အခြားလူရွယ်များထ စာရေးသားရန်၊ အခြားနိုင်ငံမှ ကျောင်းတကျောင်းဖြင့်ဆက်သွယ် ခြင်း၊ လက်တွဲဆောင်ရွက် မှုများပြုလုပ်နေခြင်း၊ အကူအညီ ရယူခြင်း၊ ကျောင်းမဂ္ဂဇင်းသို့မဟုတ် ဒေသလူထုဆက်သွယ်ရေး ဌာနများတွင် မည်သည်တို့ လုပ်ဆောင်နေသည်ကိုသိရှိအောင်လုပ်ခြင်း သို့မဟုတ် အပြန်အလှန်လည်ပတ်ခြင်း သို့မဟုတ် နွေရာသီစခန်းချခြင်းများ ပြုလုပ်ရန် အုပ်စုကိုတိုက်တွန်းပါ။ လူဦးရေများလာလေ၊ ၎င်းတို့အသံသည် ပို၍ကျယ် လောင်လာလေ ဖြစ်မည်ဆိုသည်ကို လူရွယ်များ နားလည်လက်ခံလာရန် ကူညီပေးပါ။

## နောက်ဆက်တွဲ စောင့်ကြည့်ခြင်း

အသိတရားတိုးပွားရေးလုပ်ငန်း အမျိုးမျိုးအကောင်အထည်ဖေါ်ရာ၌လိုအပ် သည့်နောက်ဆက်တွဲ စောင့်ကြည့်ခြင်းတွင် အုပ်စုပါဝင်ရန်အရေးကြီးပါသည်။ ပထမအဆင့်မှာဒေသတွင်းနှင့် နိုင်ငံတော်သတင်းစာများအတွက် ဆောင်းပါးများပြင်ဆင် ရေးသားခြင်းဖြစ်သည်။ နောက်ဆက်တွဲစောင့်ကြည့် ခြင်းဆောင်းပါးကို အမြန်ဆုံး ပြီးစီးအောင်ရေးပြီး အမြန်ဆုံးပို့ပေးရမည် ဖြစ်သည်။ လူထုဆက်သွယ်ရေးအဖွဲ့အနေဖြင့် တာရှည်မမှတ်မိနိုင်သောကြောင့်ဖြစ်သည်။ နောက်ပိုင်းအပတ်တွင်ပါသည့် ဆောင်းပါးသည် ရပ်ရွာအဖွဲ့ဝင်များအား ၎င်းတို့ပါဝင် ခဲ့သော လုပ်ငန်းများကို အမှတ်ရစေမည် ဖြစ်သည်။

ကျေးဇူးတင်ရှိကြောင်း စာအတော်များများ ရေးရမည်ဖြစ်သည်။ ယင်းစာရေးရန် အုပ်စုတွင်းတာဝန်ပေးရမည်ဖြစ်သည်။ တနေ့တာသို့မဟုတ် တပတ်လုံးပြုလုပ် သည့်လုပ်ငန်းများတွင် ပါဝင်ခဲ့သူအားလုံးထံပေးပို့ရမည် ဖြစ်သည်။ ဝန်ဆောင်မှု

ပေးသူများသို့မဟုတ်ထုတ်ကုန်ပစ္စည်းများပေးသူများ၊ လုပ်ငန်းတွင်ကူညီခဲ့သူများ၊ ပါဝင်ခဲ့သူအစရှိသည့်ပုဂ္ဂိုလ်များ ဖြစ်သည်။ ကူညီပေးသောသူများကို ရိုသေလေးစားမှုပြသခြင်းသည် ယင်းပုဂ္ဂိုလ်များ၏ အင်တိုက်အားတိုက်ပါဝင်မှုကို အားပေးမှုဖြစ်စေနိုင်သည်ကိုအုပ်စုအနေဖြင့် နားလည်သဘောပေါက် ထားရန်အလွန်အရေးကြီးပါသည်။ ဆောင်ရွက်ဆဲလုပ်ငန်းများအတွက် ဤအချက်သည်အလွန်အရေးကြီးပါသည်။

စီမံချက်အကြောင်း ရှင်းရှင်းလင်းလင်းအမှတ်ရသိရှိစေရန် အုပ်စုအားငင်းတို့၏အတွေ့အကြုံများနှင့် လုပ်ငန်းများကို စုပေါင်း၍ရေးသားရန်လည်း တိုက်တွန်းအပ်ပါသည်။ အုပ်စုတွင်းမတူသောလုပ်ငန်းများအကြောင်း ခွဲရေးရန်တာဝန်ပေးနိုင် ပါသည်။ သတင်းရေးသားမှုဖိုင်၊ ဓါတ်ပုံစာအုပ်၊ အနုပညာနှင့်ဆန်းသစ်ရေးသားမှု အားလုံးကိုစုစည်းခြင်း အစရှိသည်တို့ ဖြစ်နိုင်ပါသည်။ တာဝန်ပေးထားချက်များကို အပြီးပြုလုပ်ရမည့်ရက်ကို သတ်မှတ်ပေးရပါမည်။ သို့မှသာ စိတ်ဝင်စားမှု အရှိန်လျော့မသွားမီ လုပ်ကိုင်ကြမည်ဖြစ်သည်။ ထိုစုစည်းထိန်းသိမ်းထားမှုများကို ရပ်ရွာအတွင်းခေတ္တခင်းကျင်းပြသထား နိုင်ပါသည်။ ယင်းပစ္စည်းများကို ကျောင်းသို့မဟုတ် ရပ်ရွာအတွင်းပြပွဲတစ်ခုကို တပတ်ခန့်ပြုလုပ်ပြသနိုင်ပါသည်။ ယင်းသည် စီမံချက်တစ်ခုလုံး၏ အတိုင်းအတာနှင့် အကျိုးသက်ရောက်မှုကို တွေ့ရှိနစ်မြှုပ်သွားစေရန်ဖြစ်သည်။

## ဆောင်ရန်များနှင့် ရှောင်ရန်များ



- အသိတရားတိုးမြှင့်ရေးလုပ်ငန်းများတွင် လူတစ်ဦးချင်းစီပါဝင်မှုရှိစေရပါမည်။ အကယ်၍လုပ်ငန်းရပ်တစ်ခုကို စိတ်ဝင်စားမှုမပြခဲ့လျှင် ၎င်းတို့ဖြင့်မေးမြန်းပြောဆိုပြီး ဘာလုပ်လိုသည်ကိုသိအောင်လုပ်ပါ။ ၎င်းတို့၏စိတ်ကူးနှင့် ပါဝင်မှုကိုရရန်ကြိုးပမ်းပြီးလုပ်ငန်းအကြောင်းအရာကို နားလည်လက်ခံလာရန် ၎င်းတို့ဖြင့်အတူတကွလုပ်ဆောင် ပါ။
- ဤလုပ်ငန်းစုနောက်ဆက်တွဲတွင် ဖေါ်ပြထားသော ဖြစ်ရပ် လေ့လာမှုအတိုင်းလိုက်၍ စာထဲတွင်မရေးပါနှင့်။ ယင်းမှာ ဘာလုပ်နိုင်သည်ကိုပြသော နမူနာသာဖြစ်သည်။ သင်တို့၏ ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင် နှင့် အခြေအနေများဖြင့်ကိုက်ညီမည့် စိတ်ကူးများပေါ်ထွက်လာစေရန် အနောင်အဖွဲ့ ကင်းလွတ်စွာဖြင့်စိတ်ကူး ပုံဖေါ်ပြီးဆန်းသစ်မှုရှိစေရပါမည်။ ဖြစ်ရပ်လေ့လာမှုသည် စေ့ဆော်မှုပြုရန်အတွက်သာဖြစ်သည်။ စိတ်ကူးအမျိုးမျိုးပေါ်ထွက်လာစေရန် ပြုလုပ်သည့် အရာသာဖြစ်သည်။

- အလွယ်တကူ ရရှိနိုင်မည်ဆိုလျှင် ဗီဒီယိုနှင့် ရုပ်သေကင်မရာများကို သုံးစွဲပါ။
- ရပ်ရွာမှပါဝင်လာစေရန်အတွက် လုပ်ငန်းအများအပြား လုပ်ဆောင်ရန်မလိုပါ။ အချိန်၊ အရင်းအမြစ် နှင့် အခြား အဟန့်အတားများပေါ် မူတည်ပြီးလုပ်ငန်းအနည်းငယ်သာ လုပ်ရန်လိုပါမည်။ အုပ်စု၏လိုအပ်ချက်နှင့် အခြေ အနေဖြင့် အကောင်းဆုံးကိုက်ညီမည့် အရာများကိုသာရွေးချယ်ပါ။
- သင်ခန်းစာများနှင့် လေ့ကျင့်ခန်းအချိန်များတွင် အုပ်စုအတွင်း ဟာသများအသုံးပြုပါ။
- အုပ်စုအားငင်းတို့မည်သည်တို့ကို လုပ်ကိုင်လိုသည်ကို ဆုံးဖြတ်ရန်ခွင့်ပြုပါ။ ၎င်းတို့၏တာဝန်အဆင့်ဆင့်ကို သတ်မှတ်ခိုင်းပါ။ ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အုပ်စုတစ်ခုလုံးအပေါ် သင်၏လွှမ်းမိုးချုပ်ကိုင်မှု မပြုရပါ။ ရပ်ရွာ အတွင်းသွားနိုင်ရေးအတွက် စုပေါင်းအားထုတ်မှုရှိရမည်ဖြစ်သည်။
- မည်သူတစ်ဦးတစ်ယောက်ကိုမျှ အခြားသူများအား ဝေဖန်ခြင်း သို့မဟုတ် နှိမ့်ချလှောင်ပြောင်ခြင်းကို မပြုစေရပါ။ အရာရာတိုင်းကို အကောင်းဘက်မှ ရှုမြင်စေရပါမည်။
- ပြိုင်ဆိုင်ခြင်း၊ ရင်းနှီးစွာ နောက်ပြောင်ခြင်း၊ အပြန်အလှန် ပြောဆိုခြင်း၊ ရယ်မောစရာပြုလုပ်ခြင်း၊ ဟာသပြုလုပ် ခြင်းတို့ကို ထိန်းသိမ်းနိုင်လျှင် ခွင့်ပြုပါ။
- ပြီးခဲ့သောလုပ်ငန်းစုများမှ ထွက်လာသောပစ္စည်းများကိုအသုံးချပါ။ ပေါင်းစပ်ရုပ်ပုံကားချပ်များ၊ ရုပ်ထုများပုံများ၊ ကဗျာများ၊ ဇာတ်လမ်းများ၊ ဓါတ်ပုံများ အစရှိသည်တို့ဖြစ်သည်။ ရပ်ရွာလူထုစုဝေးနိုင်သည့်အခန်း တွင် ပြင်ဆင် တင်ဆက်နိုင်ပါသည်။ ဥပမာ - ဇာတ်လမ်းကပြမည့်ခန်းမ၊ ပြခန်းခင်းကျင်းပြသမည့်အခန်း၊ လုပ်ငန်းများ ဆောင်ရွက်မည့် အားကစားခန်းမ အစရှိသည်တို့ ဖြစ်သည်။
- အတန်းများနှင့်အခြားရပ်ရွာ ပူးပေါင်းပါဝင်ရေးလုပ်ငန်းများကို အပြည့်အဝဆွေးနွေးထားပြီး သေချာစွာပြင်ဆင် ထားမှု ရှိစေရပါမည်။
- လုပ်ငန်းရပ်အားလုံးကို စနစ်တကျမှတ်တမ်းတင်ထားပြီး နောက်ဆက်တွဲစောင့်ကြည့်ခြင်းကို အမှန်တကယ်လုပ် ဖြစ်ပါစေ။
- ဤလုပ်ငန်းများ သို့မဟုတ် လုပ်ရပ်များတွင် ပါဝင်သူတစ်ဦးချင်းစီအား ကျေးဇူးတင်လွှာစာများ ပေးပို့ရန် အုပ်စုအား တိုက်တွန်းပါ။ ရပ်ရွာဖြင့် ကောင်းမွန်စွာ ဆက်ဆံရေး၏စွမ်းပကားကို အလေးပေးပြောပါ။

- မည်သည့်လူရွယ်ကိုမျှအကျဉ်းအကြပ်အတွင်းကျရောက်ပြီး အထင်အမြင်သေးခံရမည့်အခြေအနေနှင့် မကြုံစေရ။ အထူးသဖြင့်လေ့ကျင့်ခန်းဖြင့် အံဝင်မှုမရှိသည့်အခါမျိုးဖြစ်သည်။ ဥပမာ - အခြားကလေးများအားသင်ကြား ပေးခြင်း သို့မဟုတ် လူအများရှေ့သရုပ်ဆောင်ပြရခြင်း။ ဤလုပ်ငန်းများတွင် အဖွဲ့ဝင် ်တိုင်းမိမိတို့ပါဝင်နိုင်သော အခန်းကဏ္ဍကိုရှာဖွေနိုင်ရမည် ဖြစ်သည်။ သင့်အနေဖြင့်လူရွယ်တိုင်း ယင်းအခန်းကဏ္ဍရှာတွေ့ရန် ပံ့ပိုးပေးရ မည်ဖြစ်ပြီး ယင်းအခန်းကဏ္ဍများကို လိုလားနှစ်မြို့က်မှုရှိစေရပါမည်။
- အဖွဲ့ဝင်အားလုံးစာရေးသားရာတွင်အမှန်တကယ်ပါဝင်စေရပါမည်။ ယင်းသည်ပုဂ္ဂိုလ်ရေး၊ လူမှုဆက်ဆံရေးနှင့် ပြောဆိုဆက်သွယ်ရေး ကျွမ်းကျင်မှု ရှိရန် အထောက်အကူ ဖြစ်စေပါသည်။
- ရပ်ရွာပူးပေါင်းမှု အတွက်တာဝန်ချထားပေးမှုသို့မဟုတ် လုပ်ငန်းများကို ပြိုင်ဆိုင်ခြင်းမပြုလုပ်ရပါ။
- ရပ်ရွာပူးပေါင်းမှုလုပ်ငန်းများ ပြီးဆုံးသည့်အခါ အသေးစိပ် ပြန်လည်ရှင်းပြသည့် အစီအစဉ်ပြုလုပ်ရပါမည်။ ယင်းလေ့ကျင့်ခန်း များပြီးဆုံးသည့်အခါ အုပ်စုအားအပြည့်အဝပွင့်လင်းစွာဖေါ်ထုတ်ပြောဆိုခွ င့် ပေးရန်အရေးကြီး ပါသည်။ ၎င်းတို့သည် အချို့လုပ်ငန်းပြီးဆုံးသည့်အခါ အလွန်တက်ကြွနေကြမည်ဖြစ်သည်။ အုပ်စုအတွင်းလုံခြုံ စိတ်ချစွာဖြင့် ၎င်းတို့၏စိတ်လှုပ်ရှားမှုများကို ဖေါ်ထုတ်ခွင့်ပေးရပါမည်။ ဤလေ့ကျင့်ခန်းသည် ၎င်းတို့၏တုန့်ပြန်မှု နှင့် ခံစားမှုများကို ဆန်းစစ် ခွင့်နှင့်နောက်ဘယ်အဆင့်များ လုပ်ရမည်ကို စဉ်းစားစေနိုင်ခွင့်တို့ကို ရရှိစေနိုင်သည်။

## အပြီးသတ်ဆွေးနွေးခြင်း

*သင်ကြားချိန် တချိန်*

ရပ်ရွာပူးပေါင်းမှုလုပ်ငန်းများ ပြီးဆုံးသည့်အခါ အုပ်စုကို လုပ်နေကြစည်းဝေးခန်းမ သို့မဟုတ် စာသင်ခန်းတွင် စုစည်းပါ။ အားလုံးသက်တောင့်သက်သာနှင့် ပျော်ပါးရွှင်လန်းမှုရှိနေကြပါစေ။ လုပ်ငန်းတွင်ပါဝင်ခဲ့သော ပြင်ပမှအကူအညီပေးသူများ ပါဝင်ပါစေ။ အုပ်စုပါဝင်ခဲ့သောလုပ်ငန်းများအ ကြောင်းပြောပါ။ ထိုအကြောင်း အထွေထွေဆွေးနွေးရန်တိုက်တွန်းပါ။ ၎င်းတို့ စိတ်အတက်ကြွဆုံးနှင့် စိတ်ဝင်စားမှုနည်းသောအရာများကို သိအောင်လုပ်ပါ။ ၎င်းတို့ကိုယ်တိုင် လွတ်လပ်ပွင့်လင်းစွာဖြင့် ဆွေးနွေးအဖြေရှာစရာကိစ္စများနှင့် ပတ်သက်၍ ဆက်စပ်နေသောအရာများကို ဖေါ်ပြခွင့်ပေးပါ။ စီမံချက်တိုးတက်

ဆောင်ရွက်နေသည့်အပေါ် လွတ်လပ်စွာဖြင့်ဖေါ်ထုတ်ပြောဆိုခွင့်ပေးခြင်းသည် အုပ်စုအတွင်းပို၍ရင်းနှီးစေနိုင်ပြီး ယုံကြည်မှုကိုဖြစ်ပေါ်ခံစားစေနိုင်ပါသည်။



လုပ်ငန်းများနှင့်ပတ်သက်သော ဗွီဒီယိုအခွေရှိခဲ့လျှင် အထူးသဖြင့် ပြဇာတ်ကိုရိုက်ထားသောအခွေရှိခဲ့လျှင် အုပ်စုကြီးတစ်ခု လုံးအား ပြန်လည်ပြသနိုင်ပါသည်။ မိမိတို့နှင့်အခြားသူများကို ကြည့်၍ရယ်မောပြီး စိတ်လက်ပေါ့ပါးမှုရှိစေသကဲ့သို့ ပွဲကြည့် ပရိသတ်ရှေ့တွင် မိမိတို့မည်သို့သရုပ်ဆောင်ခဲ့သည်ကို ပြသနိုင်ပါသည်။ မိမိတို့လုပ်ခဲ့သည့် လုပ်ငန်းများ၏အကျိုး သက်ရောက်မှုနှင့်  လူများကငင်းတို့လုပ်ဆောင်မှုအပေါ် အဘယ်ကြောင့်တုန့်ပြန်ခဲ့သည်ကို ပိုသိနားလည်လာနိုင်သည်။ ဤအပိုင်းသည်စီမံချက်တွင် အလွန်အားတက်စရာကောင်းသည့် အခြေအနေဖြစ်သည်။ ၎င်းတို့ကြည့်ရှုရသည့်အပေါ် ပြောဆိုကြရန်တိုက်တွန်းပါ။ အခြားမတူသောပုံစံဖြင့် လုပ်ဆောင်ခဲ့သင့်ပါသလား။ ရပ်ရွာလူထုအပေါ်၎င်းတို့၏ သက်ရောက်မှု ရှိပါသလား။ မည်သည့်နည်းလမ်း ကြောင့်ထင်ပေါ်ခဲ့ရသနည်း။ အထောက်အပံ့ကောင်းများရရန် ဆောင်ရွက်နိုင်ခဲ့သည်ဟု ထင်ပါသလား။ ထိုအထောက်အပံ့များကို အကောင်းဆုံး ဘာဆက်လုပ်နိုင်မည်နည်း။

ရေးသားခဲ့သည့်အစီရင်ခံစာများနှင့် ဆောင်းပါးများကိုဖတ်ပါ။ ယင်းတို့အပေါ်အုပ်စုက မည်သည်တို့တုန့်ပြန်ပါသလဲ။ ရလာဒ်များအပေါ် ဖေါ်ထုတ်ပြောကြားကြပါစေ။ နောက်ဆက်တွဲစောင့်ကြည့်လေ့လာခြင်း သည် ပျော်စရာကောင်း၊  မကောင်း မေးပါ။ အခြားနောက်ဆက်တွဲ စောင့်ကြည့်လေ့လာရန် လိုသေးသည်များကို ၎င်းတို့တွေ့ထားပါသေးလား။

နောက်ဆုံးအနေဖြင့် ၎င်းတို့၏ကြိုးပမ်းအားထုတ်မှုအားလုံးသည် ကလေးအလုပ်သမားပပျောက်ရေးအတွက် ကမ္ဘာနှင့် အဝှမ်းဆောင်ရွက်နေသော လှုပ်ရှားမှုနှင့်အညီဆောင်ရွက်နေခြင်းဖြစ်သည်ဟု စဉ်းစားလက်ခံထားရန် အရေးကြီးပါသည်။ ၎င်းတို့ပြုလုပ်ခဲ့သော အရာတော်တော်များများသည် ပျော်စရာကောင်းပါသည်။ ၎င်းတို့ရွေးချယ်ပါဝင်ခွင့်ရခဲ့ပါသည်။ ကလေးအလုပ် သမားများ၏ပြဿနာအပြည့်နှင့် စိတ်ပျက်ဖွယ်ရာအခြေအနေကိုစဉ်းစားကြည့် ရန် ကလေးအလုပ်သမား ခေါင်းပုံဖြတ်ခြင်းအကြောင်း ၎င်းတို့အချင်းချင်းအချိန် ပေးပြောကြားကြရန် ၎င်းတို့အားပြောခြင်းသည်ပြဿနာမရှိနိုင်ပါ။ ကလေးအလုပ် သမားဖြစ်စေရသည့်အကြောင်းတရားများနှင့် ပတ်သက်၍ ၎င်းတို့လုပ်ငန်းများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ ခြင်းအပေါ်မည်သို့ခံစားသည်ကို စဉ်းစားရန်ပြောပါ။ ၎င်းတို့အနေဖြင့် ရံပုံငွေရှာဖွေနိုင်ပါသလား။ ရှာနိုင်ခဲ့လျှင်ယင်းတို့ကို ကလေးအလုပ်သမားများအတွက် မည်သို့အကူအညီပေးမည်ဟု ၎င်းတို့စဉ်းစားထားပါသလဲ။ ၎င်းတို့တွင်စိတ်ကူးများ ရှိပါသလား။ ယခုဘာဖြစ်မည်ဟုထင်ပါသလဲ။ ၎င်းတို့လုပ်ဆောင်ခဲ့မှုများအပေါ်

စိတ်ကျေနပ်မှုရှိပါသလား။ ၎င်းတို့အနေဖြင့် ထပ်မံကြိုးစားပို၍လုပ်လိုသေးသလား။ စီမံချက်မှရသောသင်ခန်းစာမှ သတင်းအချက်အလက်များကို ၎င်းတို့ဘဝတလျှောက်ဆက်လက်လက်ဆင့်ကမ်းဆောင်ရွက်သွားမည်လား။ ယင်းသည် လူ့အခွင့်အရေးများချိုးဖေါက်မှုနှင့် ကလေး များခေါင်းပုံဖြတ်မှုများရှိနေသည်ကို ပို၍သိမြင်လာစေပါသလား။

ဤနောက်ဆုံးအချိန်များတွင် စီမံချက်အပေါ် တစ်ဦးချင်းနှင့်စုပေါင်းတုန့်ပြန်မှုအတွက် အချိန်ပေးပါ။ တဦးချင်းနှင့် အုပ်စု တခုလုံး အတွက်မည်မျှအဖိုးတန်သည်ဟုအုပ်စုအနေဖြင့် သိမြင်ခံစားရသည်ကို ဖေါ်ပြနိုင်ပါသည်။

## ဆန်းစစ်အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း။

ရပ်ရွာပူးပေါင်းမှုလုပ်ငန်းများကို တိုင်းတာနိုင်သည့်အချက်များအမျိုးမျိုးရှိသည်။ တိကျသောရလာဒ်တွင် အောက်ပါတို့ ပါဝင်သည်။

- မည်သည့် စိတ်ကူးများ ဖေါ်ထုတ်နိုင်ခဲ့သနည်း။
- မည်သည့်လုပ်ငန်းများ အကောင်အထည် ဖေါ်နိုင်ခဲ့သနည်း။
- မည်သည့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း ပြုလုပ်ခဲ့သနည်း။
- ရပ်ရွာအမျိုးမျိုး ပူးပေါင်းပါဝင်ခဲ့မှု အတိုင်းအတာ။
- ရပ်ရွာအမျိုးမျိုးတွင် တိုးမြှင့်လာသည့် အသိတရား။
- လုပ်ငန်းနှင့် ပတ်သက်၍ လူထုဆက်သွယ်ရေး လွှမ်းခြုံမှု။



အခြားအရာများရှိသေးသည်။ သို့သော်ဖေါ်ပြပါအချက်များပေါ် ထွက်ခဲ့လျှင် အုပ်စုအနေဖြင့်ကောင်းမွန်စွာ ဆောင်ရွက်နိုင် ခြင်းကြောင့်ဖြစ်၍ ၎င်းတို့ကိုအသိပေးပြောကြားရမည်။ ဖြစ်ရပ်လေ့လာမှုတွင်ဖေါ်ပြခဲ့သော အသိတရားတိုးမြှင့်ရေး လုပ်ငန်းမျိုးသည် လူငယ်များအတွက်စိတ်ဝင်စားဖွယ်ကောင်းပြီး ပျော်ရွှင်ဖွယ်ရာဖြစ်ပါသည်။ ၎င်းတို့သည်လုပ်ငန်းစု၏ ရည်ရွယ်ချက်နှင့်ဦးတည်ချက်တို့ကို အားဖြည့်ပေးပါသည်။ ၎င်းတို့ ဆောင်ရွက်နေသည့် ရပ်ရွာများအပေါ် တွင်ထူးခြားသည့် အကျိုးသက်ရောက်မှုရှိစေပါသည်။

ဤလုပ်ငန်းစုသည်သင့်အုပ်စုအတွက် နောက်ဆုံးအကောင်အထည်ဖေါ် မှုဖြစ်နိုင်ပါသည်။ အဆုံးသတ်ရန်အတွက် အရေးပါ သောအပိုင်းဖြစ်ပါသည်။ စီမံချက်ကာလတွင်ရရှိခဲ့သော အသိဉာဏ်ဗဟုသုတ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံများကို လက်တွေ့ကျင့်သုံးရန် အုပ်စုအားအခွင့်အရေးများပေးထားပါသည်။ ဆောင်ရွက်ခဲ့သည်အလုပ်၏တန်ဖိုးကိုအကဲဖြတ်ရန်

သင့်အားအခွင့်အရေးပေးထားပါသည်။ ယင်း၏အောင်မြင်မှုကို အပြည့်အဝစစ်ဆေးနိုင်ပါသည်။ လူမှုအဖွဲ့အစည်းသက်ဝင်လှုပ်ရှားလာစေရေးနှင့် ပြောင်းလဲမှုအတွက်ကိုယ်စားလှယ်များအဖြစ်ဆောင်ရွက်သည့်လူရွယ်များ၏ အခန်းကဏ္ဍကို တာဝန်ပေးအပ်ရန် ဤသင်ခန်းစာများကိုပြုစုပါသည်။ ၎င်းတို့၏သတင်းအချက်အလက်များကိုရပ်ရွာလူထုအများအပြားသို့ ဖြန့်ဝေပေးရာတွင် မည်မျှအောင်မြင်သည်ဆိုသည်မှာ လုပ်ငန်းစုများ၏အကျိုးသက်ရောက်မှုနှင့် သင်နှင့်သင့်အုပ်စုလုပ်ရပ် များ၏ ရောင်ပြန်ဟပ်မှုပင်ဖြစ်သည်။ ဤစုစုပေါင်းရလာဒ်နှင့်အခြားလုပ်ငန်းစုများသည် အုပ်စုတွင်းမှ လူရွယ်များသာမက ရပ်ရွာလူထု အများအပြား၏ သဘောထားနှင့်အပြုအမူကိုလည်း ပြောင်းလဲစေနိုင်သည်ဟု မျှော်လင့်ပါသည်။

# နောက်ဆက်တွဲ ၁။

## အိုင်ယာလန် သမ္မတနိုင်ငံတွင် ရပ်ရွာပူးပေါင်းမှု ဖြစ်ရပ်လေ့လာခြင်း

မတူညီသောနိုင်ငံများနှင့် ရပ်တည်မှုအမျိုးမျိုးတွင် မတူကွဲပြားစွာဆောင်ရွက်နိုင်သည် ဖြစ်သောကြောင့် ရပ်ရွာပူးပေါင်းမှု နမူနာတစ်ခုကိုတင်ပြထားပါသည်။ အိုင်ယာလင်သမ္မတနိုင်ငံတွင် လုပ်ငန်းစုများကိုရှေ့ပြေးစမ်းသပ်စဉ်က ဆောင်ရွက်ခဲ့ သည့်ဖြစ်ရပ်ဖြစ်ပါသည်။ စီမံချက်စတင်သည့်အချိန်မှစ၍ လူထုကိုစီမံချက်အကြောင်း အပြည့်အဝအသိပေးခဲ့ပါသည်။ သတင်းဆောင်းပါးများကို ဒေသတွင်းသတင်းစာနှင့်သတင်းလွှာများတွင် ထည့်သွင်းဖေါ်ပြပါသည်။ ဒေသရေဒီယိုအသံလွှင့် မှ တွေ့ဆုံမေးခြင်းများကို အသံလွှင့်ခဲ့ပါသည်။ ပညာပေးအစီအစဉ်အစိတ်အပိုင်းတစ်ခုအနေဖြင့် ကျောင်းသားများသည် အင်တာနက်တွင် ခေါင်းစဉ်ကိုရှာဖွေပါသည်။ ဒေသခံနိုင်ငံရေးသမားများကို တွေ့ဆုံမေးမြန်းပါသည်။ ဒေသခံနှင့် အစိုးရ ကိုယ်စားလှယ်များ၊ သမဂ္ဂများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်အမျိုးမျိုးထံ စာရေးပါသည်။

ဒေသတွင်းစာကြည့်တိုက်တွင် “ကလေးအလုပ်သမားကဏ္ဍ” တစ်ခု ပြင်ဆင်ခဲ့ပါသည်။ ကလေးအလုပ်သမား နှင့် ယင်းနှင့် ပတ်သက်နေသော ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်များအကြောင်း ပိုစတာများချိတ်ဆွဲပါသည်။ စာအုပ်များ၊ စာခေါက်များ ထားပေးပါသည်။ ယင်းတို့အများအပြားကို ရှာဖွေနိုင်ရန်၊ ကိုးကားနိုင်ရန် စာကြည့်တိုက်ပံ့ပိုးပေးပါသည်။ ရပ်ရွာထဲမှ စိတ်ဝင်စားသူများနှင့်အုပ်စုတွင်းမှလူရွယ်များသည် ကလေးအလုပ်သမားနှင့်ဆိုင်သောဘာသာရပ်ကို ဖတ်ရှုနိုင်ပါသည်။ အခြားဆွေးနွေးအဖြေရှာစရာအချက်များ ရှိနေသေးသလားဆိုသည်ကို ရှာဖွေနိုင်ပါသည်။ ထို့ကြောင့်၎င်းတို့၏အမြင်ကျယ်ပြန့်လာပြီး သုတေသနပြုမှုနှင့်သတင်းအချက်အလက်လုပ်ငန်းစုလုပ်ကိုင်ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေသည်။ ၎င်းတို့ကျောင်းသွားဖေါ်များအတွက် “ကလေးများသည်ကျောင်းနှင့်သာ ပတ်သက်သည်၊ အလုပ်နေရာဌာန နှင့်မဆိုင်” ဆိုသည့်စကားရည်လုပွဲကျင်းပခဲ့ကြသည်။ ယင်းပွဲကိုရပ်ရွာအကြီးအကဲများရှေ့မှောက်တွင် ဆောင်ရွက်ကြခြင်း ဖြစ်သည်။ “SCREAM” ဆိုသည်နှင့်ပတ်သက်၍ပိုစတာပြိုင်ပွဲ ပြုလုပ်သည်။ အကဲဖြတ်ရာတွင်ကူညီသည်။ နီပေါနိုင်ငံမှ ကလေးအလုပ်သမားများပြန်လည်ထူထောင်ရေးအတွက်ရံပုံငွေ ရှာဖွေသည့်ကပွဲပြုလုပ်တွင်ကူညီသည်။ ဒေသခံစာရေး ဆရာတဦးဖြင့် ကလေးအလုပ်သမားအကြောင်း ဆန်းသစ်ရေးသားပြီး အနုပညာရှင်တစ်ဦးဖြင့် ဂွမ်းစောင်ပေါ်တွင်ရုပ်ပုံရေးဆွဲခဲ့ကြသည်။

ဆက်လက်၍ဤလူရွယ်များသည် ဒေသတွင်းတင်ဆက်ကပြမှုဆိုင်ရာ ပညာရှင်များဖြင့်ပူးပေါင်း၍ ၎င်းတို့၏ ကလေးအလုပ် သမားပြဇာတ်ကိုထုတ်လုပ်ပါသည်။ တင်ဆက်မှုတွင်ပါဝင်သော ကျောင်းသူကျောင်းသားများနှင့် အခြားကျောင်းသူ ကျောင်းသားများနှင့် ကျောင်းမှဆရာဆရာမများကို အမှတ်တရဖြစ်သွားစေပါသည်။ မည်သို့ဆိုစေ ကျောင်းကပွဲတခုတည်း သည်ရပ်ရွာအသိတရား တိုးမြှင့်စေရန်ရည်ရွယ်ခြင်းကို မပြည့်ဝစေနိုင်ပါ။ လုပ်ငန်းစုများမှ သင်ယူတတ်မြောက်သွားသည် များကိုလူထုအများအပြားထံ လူရွယ်များသယ်ဆောင်သွားစေခြင်းဆိုသည့် ရည်ရွယ်ချက်ကိုလည်းမပြည့်ဝစေပါ။ အုပ်စုမှ လူရွယ်များ၏ အသိတရားတိုးပွားလာရန်ပြုလုပ်ပြီး ၎င်းတို့၏တီထွင်မှုနှင့်တက်ကြွမှုရှိရန် လှုံ့ဆော်ပြီးသည့်အခါ ၎င်းတို့၏ ခံစားမှုနှင့်နောက်ထပ်လုပ်လိုသည့်အ

ရာရှိသည်များကို ဖေါ်ထုတ်ခွင့်ပေးရန်အရေးကြီးသည်ဟု ကျွန်ုပ်တို့စဉ်းစားမိသည်။ ထို့အပြင်စီမံချက် ညှိနှိုင်းရေးအဖွဲ့သည် ရှေ့ပြေးစမ်းသပ်မှုအောင်မြင်မှုကို ပြည်သူလူထုအားဝေမျှရန်လိုသည်ဟု ထင်မြင်မိ သည်။ အထူးသဖြင့်နိုင်ငံတွင်းနှင့်နိုင်ငံပြင်ပမှပညာပေးသူများ၊ အဆုံးအဖြတ်ပေးသူများနှင့် စိတ်ဝင်စားမှုရှိသောမိတ်ဖက် အကျိုးတူအဖွဲ့များကိုဖြစ်သည်။ မှန်ကန်သောတွန်းအားပေးမှု၊ မြှုပ်နှံမှု၊ ပံ့ပိုးမှု၊ သင်ကြားနည်းစနစ်များပေးခဲ့လျှင် လူရွယ်များ ဘာလုပ်နိုင်သည်ကို ပြသရန်ဖြစ်သည်။

သုံးစွဲသူလက်စွဲတွင်ဖေါ်ပြထားသကဲ့သို့ ပညာပေးသူများနှင့်၎င်းတို့အုပ်စုများသည် အောင်မြင်လိုစိတ်ရှိရပါမည်။ အကယ်၍ ပညာပေးသူများကအောင်မြင်လိုစိတ်မရှိခဲ့ဘဲ ၎င်းတို့၏အုပ်စုများ ကိုစိန်ခေါ်မှုမပြုနိုင်ခဲ့လျှင် လုပ်ငန်းစဉ်သည် အပြည့်အဝ အောင်မြင်မှုရမည်မဟုတ်ပါ။ လုပ်ငန်းစဉ်များအ များဆုံးအောင်မြင်ရန် လူရွယ်များကဖြည့်စွမ်းပေးနိုင်စွမ်းရှိပါသည်။ သင့်အနေဖြင့် သူတို့အပေါ်ယုံကြည်မှု ရှိပြီးအထောက်အကူရသည်ဟု သူတို့ခံစားရသည့်အခါတွင် ဖြစ်သည်။

ထို့ကြောင့်ဖြစ်ရပ်လေ့လာမှုတွင် ပညာပေးသူများသည်အုပ်စုတွင် ရပ်ရွာပူးပေါင်းမှုပိုများလာရန် ဆွေးနွေးအဖြေရှာရမည့် ကိစ္စရပ်များကိုဆွေးနွေးထားပါသည်။ ယင်းဆွေးနွေးမှုများအပေါ်အခြေခံ၍ စီမံချက်ကိုအောင်မြင်စွာအဆုံးသတ်ရန် အသိတရားတိုးမြှင့်ရေးလုပ်ငန်းရက်သတ္တတပတ်ပြုလုပ်ရ န် ဆုံးဖြတ်ခဲ့ပါသည်။ ၎င်းတို့၏ပြဇာတ်ထဲမှ အချို့ကိုရပ်ရွာခန်းမ တွင် တင်ဆက်မှုကို ရပ်ရွာလူထုအား လာရောက်ကြည့်ရှုရန် ဖိတ်ခေါ်ပြသပြီးအဆုံးသတ်နိုင်ပါသည်။

## အသိတရားမြှင့်တင်ရေး ရက်သတ္တတပတ်

အုပ်စုအားအသိတရားမြှင့်တင်ရေး ရက်သတ္တတပတ်အတွက် မည်သည့်လှုပ်ရှားမှုများလုပ်ဆောင်ရန် စိတ်ကူးရှိကြောင်း မေးခဲ့သည်။ အောက်ပါအစီအစဉ် ပေါ်ထွက်လာပါသည်။

လူထုဆက်သွယ်ရေး

ရပ်ရွာလူထုအတွင်း သတင်းအချက်အလက် ရောက်ရှိစေရန် ဆောင်ရွက်ပေးမည့် လူထုဆက်သွယ်ရေး (၃) ခုကို ရွေးခဲ့ပါသည်။ Panish သတင်းလွှာ၊ The writer media နှင့် ရေဒီယို တို့ဖြစ်သည်။

- **ဘုရားရှိခိုးကျောင်း**
  အိုင်ယာလန်တွင် ကာသိုလစ်ဘုရားရှိခိုးကျောင်းသည် ရပ်ရွာလူထုအတွင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ဆဲဖြစ်သည်။ အထူးသဖြင့် ကျေးရွာများတွင်ဖြစ်သည်။ နိုင်ငံတဝှမ်းလုံးတွင်လည်း ဖြစ်သည်။ စီရင်စုတစ်ခုတွင် သတင်းလွှာတစ်စောင် ထုတ်သည်။ ဒေသခံဘုန်းတော်ကြီးများအားမကြာမီဆောင် ရွက်မည့် အသိတရားမြှင့်တင်ရေးရက်သတ္တတပတ်အကြောင်း ထည့်သွင်းပေးရန်ပြောသည်။ ထို့ပြင် ဘုန်းတော်ကြီးများသည်ဘုရားရှိခိုးပြီးဆုံးသည့်အခါ ယင်းအကြောင်းကြေငြာ ပေးသည်။
- **ဒေသတွင်း သတင်းစာ**
  လှုပ်ရှားမှုများမစတင်မီတပတ်အလိုတွင် ဒေသတွင်းသတင်းစာတွင် ကလေးအလုပ်သမားနှင့်စီမံချက် အကြောင်း ဆောင်းပါးများ ထည့်သွင်းခဲ့သည်။ ထို့ပြင်ဒေသတွင်းရှိ ဒီဇိုင်းပညာရှင်အကူအညီဖြင့် တပတ်စာလှုပ်ရှားမှုအပြည့်ဒီဇိုင်း ရေးဆွဲကြေငြာထည့်သည်။

အသိတရားတိုးပွားရေး ရက်သတ္တတစ်ပတ်လုပ်ငန်းများမစတင်မီ ဆောင်းပါးများရေးပြီး ပြီးဆုံးသည့်အခါ ဆောင်းပါး တစ်စောင် ထည့်သွင်းဖော်ပြခဲ့သည်။

- **ဒေသတွင်း ရေဒီယို အသံလွှင့်ဌာန**
  အသိတရားမြှင့်တင်ရေးရက်သတ္တတပတ်အတွက်လုပ်ဆောင်နေစဉ် အချို့ကျောင်းသားများ၏အသံဖြင့် ရေဒီယိုအထူး ကြေငြာချက် (၅)ရက်ခန့် ထုတ်လွှင့်ခဲ့သည်။ အသံလွှင့်ချက်တွင် ကလေးအလုပ်သမားစာရင်းပါရှိသည်။ ရပ်ရွာလူ့အဖွဲ့ အစည်း၏သန်းပေါင်းများစွာသော ကလေးတို့၏ကံကြမ္မာကိုလစ်လျူရှုခဲ့သဖြင့် ယင်းကလေးအလုပ်သမားများ ရှိနေရသည် ဆိုသည့်အယူအဆကို အလေးပေးခဲ့ပါသည်။

*သက်ရွယ်တူ ပညာပေးခြင်း*

ငယ်ရွယ်သူအချင်းချင်းပညာပေးခြင်းသည် လူကြီးများလုပ်နိုင်သမျှထက် ရံဖန်ရံခါပို၍အစွမ်းထက်ပါသည်။ ဤဖြစ်ရပ် လေ့လာမှုတွင်လုပ်ငန်းစုများထဲမှတစ်ခုကိုရွေးပြီး အုပ်စုအဖွဲ့ဝင်များကိုတနေ့တာအတွက်ဆရာ၊ ဆရာမအဖြစ်ဆောင်ရွက် စေပါသည်။

ဒေသတွင်းမူလတန်းကျောင်းအုပ်(၂)ဦးဖြင့်ဆွေးနွေးပြီး နောက်သင်ကြားချိန်များကို စီစဉ်ခဲ့ပါသည်။ အသက် ၁၁ နှစ်မှ ၁၂နှစ်ကြားရှိသော အတန်း(၂)တန်းကို မိနစ် (၉၀)ကြာသင်ကြားမှု စီစဉ်ခဲ့ပါသည်။

ပေါင်းစပ်ရုပ်ပုံကားချပ်လုပ်ငန်းစုကို ရွေးချယ်ခဲ့ပါသည်။ ဤလုပ်ငန်းစုသည် ငယ်ရွယ်သောကလေးများဖြင့်စသင့်သော အကောင်းဆုံးလုပ်ငန်းစုဖြစ်သည်။ အုပ်စုအဖွဲ့ဝင်တစ်ဦးချင်းစီအား လုပ်ငန်းစုမိတ္တူတစောင်စီကို ရက်အနည်းငယ် ကြိုတင် လေ့လာရန်သင်တန်းမစမီ ပေးထားသည်။ ပုဂ္ဂိုလ်တယောက်ကလုပ်ငန်းအစီအစဉ်ကို ကြီးကြပ်စစ်ဆေးပြီး အုပ်စုထဲမှ အခြားသူများက ၎င်းတို့၏ပေါင်းစပ်ရုပ်ပုံကားချပ်များ ပြင်ဆင်မှုတွင်အကူအညီပေးပါသည်။ လုပ်ငန်းစုကိုမစတင်မီ အုပ်စု သည် ၎င်းတို့ကိုယ်တိုင်နှင့် စီမံချက်ကိုအတန်းဖြင့် မိတ်ဆက်ပေးပါသည်။ ကလေးအလုပ်သမားနှင့်ပတ်သက်၍ဆွေးနွေး အဖြေရှာရမည့်ကိစ္စရပ်များနှင့်ဆိုင်သော မေးခွန်းများ မေးခွင့်ပြုခဲ့ပါသည်။ အတန်းကိုအုပ်စုငယ်လေးများခွဲပါသည်။ ပစ္စည်း များကိုသေချာစွာပြင်ဆင်ထားရှိပါ သည်။ ပေါင်းစပ်ရုပ်ပုံကားချပ်တစ်ခုချင်းပြုလုပ်ပြီးသည့်အခါ စာသင်ခန်းနံရံတွင်ချိတ်ဆွဲ ပြသပါသည်။ အခြားအဖွဲ့များကခေါင်းစဉ်သည် ဘာဖြစ်မည်ကိုစဉ်းစားပြောပြရပါသည်။ ကလေးအလုပ်သမား ပေါင်းစပ် ရုပ်ပုံပြုလုပ်ရာတွင်အုပ်စုတစုစီသည် ၎င်းတို့၏ပေါင်းစပ်ရုပ်ပုံကားချပ်ကို ရှင်းပြရပါသည်။ မိမိတို့သုံးစွဲထားသောပုံများကို အဘယ်ကြောင့်သုံးစွဲရသည်ကိုရှင်းပြရပါသည်။ ကားချပ်များကိုသိမ်းထားပြီး ရက်သတ္တတပတ်လှုပ်ရှားမှုပြီးသည့် အထူး ညနေပိုင်းအစီအစဉ်တွင် ချိတ်ဆွဲပြသပါသည်။

တပတ်အတွင်းပြုလုပ်ခဲ့သည့် လုပ်ငန်းများတွင် ဤလုပ်ငန်းသည်စီမံချက်မည်မျှအောင်မြင်သည် ကို အရှင်းလင်းဆုံး ဖော်ပြ နိုင်ပါသည်။ အုပ်စုတွင်ခွန်အားမည်မျှရှိလာသည်နှင့် လုပ်ငန်းစုများသည် မည်မျှလက်တွေ့ကျပြီး ကျယ်ပြန့်သနည်း ဆိုသည်ကိုဖော်ပြပါသည်။ ဤလေ့ကျင့်ခန်းတွင် ပါဝင်သူများအား မိမိကိုယ်မိမိယုံကြည်မှုအပြည့်အဝရရှိစေပါသည်။

*စားပွဲဝိုင်း ဆွေးနွေးခြင်း*

လူထုစားပွဲဝိုင်းဆွေးနွေးခြင်းကို ပြုလုပ်ခဲ့သည်။ ဆွေးနွေးသည့်အကြောင်းအရာမှာ *"From the workhouse to the hiring fair: Child labour in the past in East Clare"* (East Clare သည် အိုင်ယာလင်နိုင်ငံ အနောက်ဘက် ကမ်းခြေတွင် ရှိပြီး ရှေ့ပြေးစမ်းသပ်မှု ပြုခဲ့သည့် နေရာ ဖြစ်သည်။)

အိုင်ယာလင်နိုင်ငံသည်ယခုအခါ ပိုမိုအခွင့်အလမ်းများပွင့်လန်းလာပြီး ဖွံ့ဖြိုးသည့်နိုင်ငံဖြစ်သော်လည်း များမကြာမီကာလ များကဆင်းရဲပြီး ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံများကြုံတွေ့နေရသည့် နိုင်ငံရေးနှင့်လူမှုစီးပွားရေး အကြပ်အတည်းများကို ခါးသီးစွာ ကြုံခဲ့ရသည့်နိုင်ငံဖြစ်ခဲ့သည်။ ထိုဒေသတွင် ၎င်းတို့ကိုယ်တိုင် ကလေးအ လုပ်သမားဖြစ်ခဲ့ရသည်ဆိုသည်ကို ပြန်ပြောင်း ပြောဆိုနိုင်သောပုဂ္ဂိုလ်များ အသက်ရှင်လျက်ရှိနေပါသည်။ အိုင်ယာလင်ကျေးလက်ဒေသတွင် "လူငှားပွဲ" ပြုလုပ်သည့် အစဉ်အလာရှိသည်။ စပါးရိတ်သိမ်းချိန်တွင် လယ်သမားများသည် ဈေးပေါပေါအလုပ်သမားများကို ရှာဖွေရန်ထွက်ကြ သည်။ ကလေးများကိုနေစရာပေး၊ ထမင်းကျွေးပြီး ၎င်းတို့အား ငွေကြေးအနည်းငယ်ပေးပြီး မိသားစုထံ ပြန်ပို့ပေးကြသည်။

ကလေးအလုပ်သမားရှိနေသည့်နိုင်ငံများတွင် အိုင်ယာလန်အတိတ်နှင့် ပစ္စုပ္ပန်အခြေအနေတို့ဖြင့် ဆက်စပ်ပြနိုင်ရန် စားပွဲဝိုင်းဆွေးနွေးခြင်းကို ပြုလုပ်ခဲ့သည်။ အငြိမ်းစားကျောင်းအုပ်က ဥက္ကဋ္ဌပြုလုပ်ပြီး ဒေသမှသမိုင်းပညာရှင် ၂ ဦး ပါဝင်ခဲ့သည်။ ပညာရှင်တစ်ဦးက East Clare ၏ အလုပ်အိမ်များအကြောင်းပြောပြီး အခြားတယောက်က "လူငှားပွဲ" အကြောင်းပြောသည်။ ယင်းဆွေးနွေး ပွဲသို့လူကြီးလူငယ်တက်ရောက်ခဲ့ပြီး မျိုးဆက်ကွာဟချက်တွင်ရှိနေသော နားလည် သဘောပေါက်မှုနှင့် အပြန်အလှန် ပြောဆိုနိုင်ရန် တံတားခင်းပေးခဲ့ပါသည်။

*အနုပညာရှင်များ ဘောလုံးပွဲ။ "ကလေးအလုပ်သမားနှင့် ကမ္ဘာကြီးလျစ်လျူရှုမှု"*

အုပ်စုအဖွဲ့ဝင်အချို့သည် ဘောလုံးဝါသနာရှင်များဖြစ်ကြ၍ အနုပညာရှင်ဘောလုံးပွဲကျင်းပရန် အကြံပြုပါသည်။ ရည်ရွယ်ချက်မှာ လူထုကိုဆွဲဆောင်နိုင်ပြီး လူထုဆက်သွယ်ရေးက စိတ်ဝင်စားမှု ရှိနိုင်သည့်ဒေသတွင်းရှိ လူသိများသော ပုဂ္ဂိုလ်များကို ရင်းနှီးပျော်ရွှင်မှုပေးစေနိုင်ရန်ဖြစ်သည်။ စာသင်ခန်းတွင်း ဆွေးနွေးမှုများသည် မည်သည့်အနုပညာရှင်ကို မည်သို့ဆက်သွယ်ကြမည်ကို အဓိကထားပါသည်။ အားကစားကမ္ဘာမှ အိုင်းရစ်အမျိုးသား ရပ်ဂဘီကစားသမားများ၊ ဘောလုံးသမားများ၊ အမြင့်ခုန်သမားများကို ရပ်ရွာတွင်းမှကိုယ်စားလှယ်များဖြင့် စုဖွဲ့စေပါသည်။ ကျောင်းအုပ်နှင့် အုပ်စု တွင်ပါဝင်သော ကျောင်းမှဆရာဆရာမများပါဝင်ပါသည်။

လူရွှယ်အများစုပါဝင်သည့်အတွက် အားကစားပွဲသည် တပတ်အတွင်းအထင်ပေါ်ဆုံး ဖြစ်ခဲ့သည်။ အဖွဲ့ (၂)ဖွဲ့ ပါသည်။ "ကလေးအလုပ်သမား" ဆိုသည့်အဖွဲ့တွင် စီမံချက်တွင်ပါသော ကျောင်းသားများပါဝင်သည်။ "ကမ္ဘာကြီးလျစ်လျူရှုမှု" အဖွဲ့တွင် အနုပညာရှင်များပါဝင်သည်။ အဖွဲ့(၂)ဖွဲ့မျက်နှာချင်းဆိုင်ကြသောအခါ "ဘက်မညီသော ကစားပွဲ" တစ်ခုအဖြစ် တွေ့ရသည်။ "ကမ္ဘာကြီးလျစ်လျူရှုမှု"က အားသာသည်မှာထင်ရှားပါသည်။ သို့သော် ကစားပွဲကို "ကလေးအလုပ်သမား အဖွဲ့" အနိုင်ရရန်ဖန်တီးထားပြီး အဆုံးတွင်ပင်နယ်တီဂိုးများဖြင့် "ကလေးအလုပ်သမားအဖွဲ့" အနိုင်ရရှိသွားပါသည်။ ယင်းသည်ကလေးအလုပ်သမားပြဿနာကို အခက်အခဲများကြားမှ ကျော်လွှားနိုင်သည်ဆိုသည့် သတင်းအချက်အလက် ပေးခြင်းဖြစ်သည်။ ကွင်းလယ်ဒိုင်လူကြီးသည် ရပ်ရွာသိအားကစားသမားနှင့် မူလတန်းကျောင်းဆရာတစ်ဦး ဖြစ်ပါသည်။

ဒေသတွင်း အားကစားဂျာနယ်ပညာရှင်ကို ဖိတ်ခေါ်ပြီးဘောလုံးပွဲ ကစားနေသည်ကို တိုက်ရိုက်ထုတ်လွှင့်ပေးရန် ဖိတ်ခေါ်ပါသည်။ ကွင်းဘေးမှနေ၍ အသံချဲ့စက်ဖြင့်တင်ပြစေပါသည်။ ဂျာနယ်ပညာရှင်က ကစားပွဲတွင် ဟာသအမြောက် အများထည့်သွင်းပြောဆိုခြင်းသည် သက်ဆိုင်သူအားလုံးအတွက် များစွာအရေးကြီးပါသည်။ ထို့ပြင် လူထုဆက်သွယ်ရေး နှင့် လုပ်ငန်းတို့၏ ခိုင်မာသောဆက်သွယ်မှုကိုလည်း ပေးစွမ်းပါသည်။ ဒေသတွင်း သတင်းစာတိုက်မှ ဓါတ်ပုံဆရာတစ်ဦးက ကစားပွဲသို့လာပြီး အားကစားပွဲဓါတ်ပုံများနှင့်လူရွယ်များပုံကို ဓါတ်ပုံရိုက်ယူပါသည်။ လူထုဆက်သွယ်ရေး၏ ကြေငြာပေး မှု၏ ကျေးဇူးကြောင့် အနီးနားရပ်ကွက်များမှ အသက်အရွယ်မျိုးစုံပါဝင်သော ပုဂ္ဂိုလ်အများအပြား လာရောက်ကြပါသည်။ ကစားပွဲပြီးဆုံးသောအခါ ရပ်ရွာလူထု၊ ကလေးများနှင့် လူထုဆက်သွယ်ရေးတို့ဖြင့် တွေ့ဆုံရသည့်ရိုးရှင်းသော ညှော်ခံပွဲသို့ အနုပညာရှင်များ တက်ရောက်ကြပါသည်။ ဤအလုပ်သည် အလွန်အောင်မြင်မှုရှိပါသည်။ လူရွယ်များအနေဖြင့် အခြား ပြိုင်ဘက်အသင်းကို  အနိုင်ကစားနိုင်ရန်အုပ်စုကိုအားပေးကူညီနိုင်ခဲ့ပါသည်။

*ပြဇာတ်*

အသိတရားမြှင့်တင်ရေးရက်သတ္တတပတ်အတွင်း အခြားအရာများလုပ်ဆောင်သည့်အထဲတွင် ကလေးအလုပ်သမား ပြဇာတ်ဇာတ်တိုက်ခြင်းကိုလည်း အုပ်စုကလုပ်ခဲ့ပါသည်။ အဓိကတင်ဆက်က ပြမှုရက်မတိုင်မီတရက်အလိုတွင် ရပ်ရွာ လူထုကိုဖိတ်ခေါ်ပြီးဝတ်စုံပြည့် အစမ်းလေ့ကျင့်တင်ဆက်မှုပြု လုပ်ခဲ့သည်။ ပြဇာတ်သည် အလွန်အစွမ်းထက်သောအရာ ဖြစ်ပြီး အခြေခံအလွှာမှပရိသတ်ထံရောက် ရှိနိုင်ပါသည်။ အချို့ပုဂ္ဂိုလ်များသည်မျက်ရည်ဝဲကြရပြီး အချို့သည်ငြိမ်သက် သွားကြရသည်။ အများစုမှာမကျေမချမ်း ဖြစ်ကြသည်။ သို့သော်ပရိသတ်တစ်ဦးချင်းစီတိုင်းသည် ပြဇာတ်တင်ဆက်နေစဉ် အတွင်း ချုပ်တည်ထိန်းသိမ်းထားကြသည်။

လုပ်ငန်းများကိုရပ်ရွာအတွင်းဆောင်ရွက်ရန်နှင့် အခြားပုဂ္ဂိုလ်များပါဝင်လာရေးကြိုးပမ်းသည့်အနေဖြင့် အုပ်စုသည်ဒေသ တွင်းရှိ မူလတန်းကျောင်းမှကလေးများကို အဖွဲ့ကဖိတ်ခေါ်ခဲ့သည်။ အဖွဲ့ကပြတင်ဆက် မည့်ရွှာခန်းမအပြင်ဘက်တွင် ကလေးများအား ကလေးအလုပ်သမား ပုံစံအမျိုးမျိုးကို သရုပ်ပြစေပါသည်။

ထိုအချိန်တွင်အုပ်စုအားလုံးသည် တစ်ကိုယ်လုံးဝတ်စုံအမဲဝတ်ဆင်ထားပြီး မျက်နှာဖုံးအဖြူတပ်ထားသည် (ဒေသခံအနု ပညာရှင်တစ်ဦးဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းတို့ကိုယ်တိုင်ပြုလုပ်သည်)။ မျက်နှာဖုံးသည် ကလေးအလုပ်သမားများ နာမကျန်းမှုနှင့်ခံစားရမှုများကို ရပ်ရွာလူ့အဖွဲ့အစည်းကလျစ်လျူရှုထားသည် ကို ကိုယ်စားပြုသည်။ နေ့စဉ်ခံစားနေရ သော ခိုကိုးရာမဲ့ကလေးသန်းပေါင်းများစွာကို ကိုယ်စားပြုသည်။ အုပ်စုသည် မျက်နှာဖုံးအသုံးဝင်ပုံကိုသင်ယူခဲ့ရ၍ ကျေနပ် မှုရှိကြပြီး အခြားသူများအပေါ်လွှမ်းမိုးနိုင်သည့် စွမ်းပကားရှိသည်ကို မကြာမီပင်သိရှိလာကြသည်။

ခဏကြာသော်လမ်းပေါ်ပြကွက်ကို ဝိုင်းကြည့်နေသောပရိသတ်ကို ခန်းမအတွင်းဝင်ခွင့်ပြုခဲ့ပါသည်။ တကြိမ်တွင် လူတစ်ဦး သာဝင်ခွင့်ရှိပြီး ထိုပုဂ္ဂိုလ်ကိုမျက်နှာဖုံးစွပ်ထားသူတစ်ဦးက ခန်းမအတွင်းအဆင်ပြေသောနေရာတွင် နေရာချထားပေး သည်။ လူနှစ်ဦးအတွဲဖြစ်လျှင် လူခွဲပစ်ပါသည်။ (ကလေးများဖြစ်လျှင် မိဘများဖြင့်နေစေပါသည်။) မည်သူ့ကိုမျှ စကားပြောခွင့်မပြုပါ။ အကယ်၍တစ်ဦးတစ်ယောက်ကစကားပြောခဲ့လျှင် မျက်နှာဖုံးဝတ်ထားသူတစ်ဦးရောက် လာပြီး လက်ညှိုးထောင်ပြကာသတိပေးပါသည်။ ရည်ရွယ်ချက်မှာ ပရိသတ်အားတချိန်လုံး

စိတ်ကျဉ်းကြပ်နေစေရန်ဖြစ်သည်။ ကလေးအလုပ်သမားအငယ်လေးများအနေဖြင့် ၎င်းတို့တဦးတည်း ဘာမှန်းမသိအမှောင်ထဲတွင်သူငယ်ချင်း၊ မိသားစုဖြင့် ခွဲနေရပြီး အလုပ်လုပ်သံများ၊ အသံအထူးအဆန်းများကြားနေပြီး မျက်နှာသေများဖြင့်၎င်းတို့ကိုဂရုမစိုက်သူများက အလုပ်လုပ်ခိုင်းခြင်းခံနေရလျှင် မည်သို့ခံစားနေရမည်ကိုပြသလို၍ဖြစ်သည်။ ခန်းမတွင်းနံရံများတွင် ဒေသခံအနုပညာသည်များ က အလှအပများပြင်ဆင်ထားသည်။ အုပ်စုကလက်ဖြင့်ဆေးရောင်ခြယ်ထားသော ဂွမ်းကပ်လဲနံရံတွင်ကပ်ထားသည်။ ပြူတင်းပေါက်များကိုပိတ်ထားပြီး မီးရောင်မှိန်မှိန်သာထွန်းထားသည်။ စိတ်ချောက်ချားဖွယ်ရာတေးသံကို ဒေသတွင်း ကျောင်းမှ လူငယ်ဂီတသမားများက တီးမှုတ်ပေးကြသည်။

ပရိသတ်အားလုံးနေရာယူပြီးသောအခါ မျက်နှာဖုံးစွပ်ထားသူများသည် ကပွဲတွင်၎င်းတို့ပါဝင်ရမည့်အခန်းမစတင်မီ ဇာတ်စင်ရှေ့တွင်နေရာယူကြပါသည်။ ပြဇာတ်လုပ်ငန်းစုတွင်ဖေါ်ပြသကဲ့သို့ ဇာတ်အသုံးအဆောင်များကိုနည်းနည်းသာ ထားရှိသည်။ ထို့ကြောင့် လူရွှယ်ဇာတ်ဆောင်များသည် ဝတ်စုံအမဲကိုသာဝတ်ထားပြီး ဇာတ်စင်နောက်တွင် မျက်နှာဖုံး ချွတ်ကြပါသည်။

လူရွှယ်သရုပ်ဆောင်များ၊ ဇာတ်ခုံဒါရိုက်တာ၊ အစီအစဉ်ညှိနှိုင်းရေးအဖွဲ့များကို ပရိသတ်အများအပြားကဝတ်စုံပြည့် လေ့ကျင့်ပြီးနောက် လာတွေ့ကြသည်။ ၎င်းတို့သည် ၎င်းတို့မည်သို့ခံစားရကြောင်း ကိုယ်တိုင်ကိုယ်ကျပြောပြရန်နှင့် အားပေးထောက်ခံမှုပြုရန်ဖြစ်သည်။ အချို့ပုဂ္ဂိုလ်များသည် စိတ်လှုပ်ရှားလွန်းသဖြင့် ဖေါ်ထုတ်ပြောပြရန်အခက်အခဲ တွေ့ကြရသည်။ ရပ်ရွာအတွင်းအောင်မြင်မှုရရှိခဲ့ခြင်း၏ အကျိုးသက်ရောက်မှုသည် အုပ်စုတွင်းရောင်ခြည်သန်းလာခြင်း ပင်ဖြစ်သည်။ စီမံချက်သည် ၎င်းတို့အားပြောင်းလဲမှုကိုလုပ်နိုင်စေခဲ့သည်ဟု နားလည်သဘောပေါက်လာသည်။ အောင်မြင်ခြင်းခံစားမှုနှင့် ဂုဏ်ယူဝင့်ကြွားမှုတို့သည် ၎င်းတို့နှင့်အမြဲမပြတ်ရှိနေမည်ဖြစ်သည်။

*ညနေခင်း ယဉ်ကျေးမှု ကပွဲ*

အသိတရားတိုးမြှင့်ရေးရက်သတ္တတပတ်၏ အဓိကလှုပ်ရှားမှုမှာ နောက်ဆုံးကပွဲကပြခြင်းဖြစ်သည်။ ယင်းကို “အထူးညနေခင်းယဉ်ကျေးမှုကပွဲ” အသွင်ဖြင့်ပြုလုပ်သည်။ အစပိုင်းတွင်ကပွဲဖြင့်ကပြပြီးအဆုံးတွင် ကလေးအလုပ်သမား နှင့် ပတ်သက်သောအိုင်းရစ်နှင့် ကမ္ဘာ့ယဉ်ကျေးမှု အခမ်းအနားကျင်းပသည်။

ညနေခင်းသည်စီမံချက်အကြောင်းပြသရန် အဖိုးတန်သည့်အခွင့်အလမ်းကို ပေးပါသည်။ လူရွှယ်များ၏စဉ်းစားတီထွင် ဆန်းသစ်မှုစွမ်းပကားများကိုသုံးစွဲပြီး ကလေးအလုပ်သမားပပျောက်ရေးအတွက် ကမ္ဘာနှင့်အဝှမ်းဆောင်ရွက်နေသည့် ဘောင်အတွင်းမှပံ့ပိုးမှုရှိခဲ့လျှင် ယင်းကိုစံနမူနာပြသုံးစွဲနိုင်ပါသည်။ ဤအခမ်းအနားတွင် ဧည့်ကြိုကဧည့်သည်များအား နေရာချထားရန် စီစဉ်နေစဉ်ကပွဲအဆုံးသတ်သည့်အခါ နောက်ထပ်ထည့်သွင်းမှုကို ပြုလုပ်ခဲ့သည်။ ပရိသတ်များအား ဧည့်ကြိုနေရာမရောက်မီ နောက်ထပ်ဖိအားပေးသည့်ပုံစံမျိုးဖြစ်သည်။ ဇာတ်စင်မှထွက်ခွာသည်နှင့် အုပ်စုသည်မျက်နှာဖုံး များပြန်တပ်ကာ ခန်းမအပြင်ဘက်တွင် နှစ်ဘက်မတ်တပ်တန်းစီရပ်နေကြသည်။ ပရိသတ်များခန်းမမှထွက်လာသောအခါ ၎င်းတို့ကိုမျက်နှာဖုံးများဖြင့် တဖန်ပြန်တွေ့ကြရပြန်သည်။ ယင်းတို့ကို ကလေးအလုပ်သမားများအတွက် မကောင်းဆိုးရွား ကောင်များအဖြစ် မှတ်ယူထားခဲ့ကြသည်။ မျက်နှာဖုံးစွပ်အဖွဲ့သည် ပရိသတ်အားဧည့်ကြိုထံခေါ်သွားကာ အပြီးအပိုင် နှုတ်ဆက်ခဲ့ကြသည်။

ခန်းမမှပွဲပြီး၍ ပရိသတ်များထွက်ခွာသွားစဉ် ၎င်းတို့၏တုန့်ပြန်မှုများကြောင့် ပီတိထပ်မံဖြစ်ရသည်။ စိတ်လှုပ်ရှားခံစားမှု အမျိုးမျိုးနှင့် စိတ်မကျေချမ်းမှုပုံစံအမျိုးမျိုးကိုတွေ့ရသည်။ တင်ဆက်မှုပြီးဆုံးသောအခါ နိုင်ငံတော်ဝန်ကြီး၊ အပြည်ပြည် ဆိုင်ရာ ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်မှကိုယ်စားလှယ်များနှင့် ပါဝင်သောလူရွယ်အုပ်စု၏ကိုယ်စားလှယ် များ၏ မိန့်ခွန်းများတင်ပြမှုများဆက်လက်တင်ပြသည်။ လူရွယ်များသည်အတွေ့အကြုံအားလုံးအပေါ် အလွန်ပျော်ရွှင်မှု ရှိပြီးစိတ်လှုပ်ရှားခံစားကြရသည်။ ညနေခင်းသည် အဓိကဆုံးဖြတ်ချက်ပေးနိုင်သူများများအပါအဝင်ဧည့်သည်များအတွက်  ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေခဲ့သည်။  အဓိကဆုံးဖြတ်ချက်ပေးနိုင်သူများက စီမံချက်ထပ်မံလုပ်ဆောင်နိုင်ရန် ပံ့ပိုးလိုကြောင်း ထုတ်ဖေါ်ပြောကြသည်။

လူထုဆက်သွယ်ရေးလွှမ်းခြုံမှုအနေဖြင့် နိုင်ငံတော်အဆင့်မှ ၂ ခုနှင့် ဒေသတွင်း ၁ ခုမှသတင်းစာ ၃ စောင်တွင် တပတ်တာအသိတရားတိုးမြှင့်ရေးလုပ်ငန်းများနှင့် ညနေခင်းလုပ်ငန်းများ သတင်းတွင်ပါဝင်သည်။ ဆက်လက်၍ရေဒီယို အသံသွင်းသမားက အထူးဧည့်သည်အမျိုးမျိုးနှင့်အုပ်စုအဖွဲ့ဝင်များကို တွေ့မေးခဲ့သည်။  ယင်းတွေ့မေးမှုများမှ ကောက်နှုတ်ချက်များကို ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည်။

ကလေးအလုပ်သမားကို ရပ်ပစ်

Fundamental Principles and Rights
at Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour



ISBN 978-92-2-831294-2